မန္တလေးမြို့

အဝေရာရာမ ရန်ကင်းကျောင်းတိုက်

ဆရာတော် အရှင်ဩဒိတသိရိဘိဝံသ

၏

# အနှစ်သုံးပါး မြတ်တရား



သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၂

မဟာကရုဏာတော်သခင် ဘုရားရှင်သည် လောကအကျိုးကို ဆောင်ရန် ပွင့်တော်မူလာသည်။

# အရှင်မြဒါဝယသိရီဝိဝံသ

အဝေရာရာမ ရှုခင်းကျောင်းတိုက်

၂၉၄.၃ ၂၇၈၆၉
၂-၁၉

.............................. သို့

..............................

.............................. ၏

အမှတ်တရ ဓမ္မဒါန

ဦးဩဇာဒိတသီရိဘိဝံသ ၁၆၊၂၊၂၀၁၂

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

နိုင်ငံတော်သံဃမဟာနာယက

အဝေရာရာမရန်ကင်းကျောင်းတိုက်

၄၁လမ်း×လမ်း၉၀ထောင့်၊သံလျှက်မှော်အရှေ့ရပ်ကွက်

မဟာအောင်မြေမြို့နယ်၊အနောက်စာတိုက်၊မန္တလေးမြို့။

ဖုန်း-၀၂-၃၀၁၃၆၊ ၀၉-၅၁၆၆၆၈၅



မန္တလေးမြို့

အဝေယျာရာမ ရန်ကင်းကျောင်းတိုက်

## ဆရာတော် အရှင်ဩဒါတသိရီဘိဝံသ

နိုင်ငံတော်သံဃမဟာနာယက

အဂ္ဂမဟာပဏ္ဍိတ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ

အစိုးရနှင့် သကျသီဟ ဓမ္မာစရိယ၊ ပါဠိပါရဂူ

ရေးသားစီရင်အပ်သော

# အနှစ်သုံးပါး မြတ်တရား

( ဒုတိယအကြိမ်)

သာသနာ ၂၅၅၅ ကောဇာ ၁၃၇၃ ခရစ် ၂၀၁၂

သုတေသနစာကြည့်တိုက်
အမှတ်
ရက်စွဲ

စီစဉ်သူ

ဒေါက်တာနာဂဝံသာလင်္ကာရ (M.A . Ph.D)

ကွန်ပျူတာ စာစီ

အဝေရာ

အပြင်အဆင် နှင့် ဒီဇိုင်း

အရှင်ဇဋိလ (အဝေရာ)

မျက်နှာဖုံးဒီဇိုင်း

*mgmglinnsay (shwethar)*

စာအုပ်ချုပ်

အောင်ရတနာအော့ဖ်ဆက်

ပုံနှိပ်

အောင်ရတနာအော့ဖ်ဆက် နှင့် ကွန်ပျူတာဒီဇိုင်း

၃၈ × ၃၉လမ်း၊ ၈၁ × ၈၂လမ်းကြား၊ အကွက် (၅၂၈)

မျက်ဝင်းရပ်၊ မန္တလေးမြို့။ ☎ ၀၉၉၁၀၀၉၀၃၃

တန်ဖိုး

ဓမ္မဒါန

အကြိမ်

ဒုတိယအကြိမ်

အုပ်ရေ

၁၀၀၀

ထုတ်ဝေသည့်လ

ပြာသိုလ၊ ၁၃၇၃-ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀၁၂-ခုနှစ်၊

# အနှစ်သုံးပါး မြတ်တရား ဒုတိယအကြိမ်ရိုက် အမှာစကား

ဤ "အနှစ်သုံးပါး မြတ်တရား" စာအုပ်ကို ၁၃၆၃-ခုနှစ်၊ တပေါင်းလဆန်း ၇-ရက်နေ့၌ ကျင်းပသော အဝေရာရာမ ရန်ကင်းကျောင်းတိုက် "အနန္တဂုဏ်ရည်တိုက်ကျောင်း" ရေစက်ချပွဲ၌ ဓမ္မဒါနပြုရန် ကျောင်းအမကြီး ဒေါက်တာဒေါ်လွင်လွင်သန်း၏ လျှောက်ထားချက်အရ ရေးသားခဲ့ပါသည်။

ကျောင်းအမကြီး ဒေါက်တာ ဒေါ်လွင်လွင်သန်းက အုပ်ရေ (၁၀၀၀) ရိုက်နှိပ်ပြီး ဓမ္မဒါနပြုခဲ့ရာ ပြည်ပရှိ မိတ်ဆွေများ အထံသို့လည်း ပေးပို့လှူဒါန်းခဲ့သဖြင့် ဤစာအုပ်သည် အမေရိကန်ပြည်ထောင်စုအထိ ရောက်ရှိခဲ့ပါသည်။

ဤစာရေးသူသည် အဝေရာရာမ ရန်ကင်းကျောင်းတိုက် "စိန်ခဲရွှေခဲ ကျောင်းတော်ကြီး"၏ ဒါယကာ + ဒါယိကာမများဖြစ်ကြသော ဦးအောင်ရွှေ+ဒေါ်မြမြလင်းတို့၏ ပင့်လျှောက်ချက်အရ ၁၃၇၃-ခုနှစ်၊ ကဆုန်လဆန်း ၄-ရက်နေ့မှ နယုန်လဆန်း ၉-ရက်နေ့ အထိ (ခရစ်နှစ် ၂၀၁၁-ခုနှစ်၊ မေလ ၅-ရက်နေ့မှ ဇွန်လ ၉-ရက်နေ့ အထိ) ကျောင်းဒကာ + ကျောင်းအမတို့နှင့် အတူ အမေရိကန်ပြည်ထောင်စုသို့ ကြွရောက်ခဲ့ပါသည်။

ကာလီဖိုးနီးယားပြည်နယ်၊ လော့စ်အိန်ဂျလိမြို့၊ ရေးဗား ဆိုဒ်တွင်ရှိသော ကျောင်းဒကာ + ကျောင်းအမများ၏ အိမ် တွင်တည်းခို၍ ရောက်သင့်ရောက်ထိုက်သော နေရာများသို့ သွားရောက်ခဲ့ပါသည်။ ထိုသို့ သွားရောက်ရာတွင် အမေရိကန် ပြည်ထောင်စုရှိ တပည့်သံဃာများနှင့် အချို့သော ဒါယကာ+ ဒါယိကာမများက ဤ "အနစ်သုံးပါး မြတ်တရား" စာအုပ်ကို ပြန်လည်၍ ရိုက်နှိပ်ပါသေးသလား၊ စာအုပ်ရှိလျှင် လိုချင်ကြပါ သေးသည်-ဟု လျှောက်ထားကြသဖြင့် ဒုတိယအကြိမ် ပြန်လည် ရိုက်နှိပ်ရန် စီစဉ်ရပါသည်။

## ၁၀-နှစ်ပြည့် အထိမ်းအမှတ်ပွဲ

ဤစာရေးသူသည် ကျေးဇူးရှင် ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ဘုရားကြီးနှင့် ရွှေကျင်နိကာယ ဗဟိုဌာန မဟာ နာယက. နာယက. ဂဏဝါစက ဆရာတော်များ၏ တာဝန်ပေး ချက်အရ ၁၃၆၃-ခုနှစ်မှစ၍ ဤ "အဝေရာရာမ ရန်ကင်း ကျောင်းတိုက်"သို့ နေထိုင်ပြီး သာသနာပြုရပါသည်။

ရှစ်ဧကခန့် ကျယ်ဝန်းပြီး ကျောင်းအဆောက်အအုံ သုံးလုံးမျှသာရှိသော ဤကျောင်းတိုက်ကြီးသည် မဟာရာမ် တံတိုင်း မရှိခြင်း၊ သစ်ပင်ချုံနွယ် အမှိုက်သရိုက်များဖြင့် ပြည့်နှက် ရှုပ်ထွေးနေခြင်းတို့ကြောင့် မြင်ရသူတို့၏ စိတ်နှလုံးကို မရွှင်ပြုံး မနှစ်သက်စေနိုင်ခဲ့ပါ။ သာသနာဖက်ဆိုင်ရာတွင်လည်း တိုးတက်

မှုလက္ခဏာ မပြနိုင်ခဲ့ပါ။

မိမိရောက်ရှိ သာသနာပြုခဲ့ရာတွင် မိမိနှင့်တကွ ကျောင်းတိုက်သံဃာများ၏ ကြိုးစားအားထုတ်မှု၊ ဒကာ-ဒကာမများ၏ အားပေးမှုတို့ကြောင့် အလျားပေ ၁၅၀၊ အနံပေ ၈၀-ရှိ ဓာတ်လှေကား ပါဝင်သော စိန်ခဲရွှေခဲ ကျောင်းတော်ကြီး၊ အလျား ၁၄၆-ပေ၊ အနံပေ ၈၀-ရှိ လေးထပ်သံဃာဆောင် ပါရှိသော မဟာအတုလဂုဏ်ရည် မန်းရွှေလီပိမာန်တော်ကြီး အပါအဝင် ကျောင်းအဆောက်အအုံ ၃၀-နီးပါးနှင့် သံဃာဦးရေများ တစ်နှစ်ထက် တစ်နှစ် တိုးတက်ခဲ့ပါသည်။

စာမေးပွဲ အသီးသီးကို အောင်မြင်ကြသည့် သံဃာအရေအတွက်မှာလည်း ၁၀-နှစ်တာ ကာလအတွင်း (၃၃၆)ပါး ရှိခဲ့ပါသည်။

ဤသို့ အဖက်ဖက်က တိုးတက်လာခဲ့သဖြင့် အဝေရာရာမ ရန်ကင်းကျောင်းတိုက် ၁၀-နှစ်ပြည့် အထိမ်းအမှတ် ပွဲတော်ကို ကျင်းပရန် ဆရာ+ဒကာ ညှိနှိုင်းတိုင်ပင်၍ လုပ်ငန်းစဉ် (၇)ရပ်ကို လျာထားသတ်မှတ်ခဲ့ကြပါသည်။

ထိုလုပ်ငန်းစဉ် (၇)ရပ်တွင် စာရေးသူ (မိမိ) ရေးသားပြုစုသည့် ကျမ်းစာအုပ် (၈)မျိုးနှင့် **"အဝေရာရာမ ၁၀-နှစ်တာ ကာလ သာသနာ့မော်ကွန်း"** စာအုပ်ကြီးကို ထုတ်ဝေရန်ဟူသော လျာထား ဆုံးဖြတ်ချက်လည်း ပါဝင်ပါသည်။

ထို ဆုံးဖြတ်ချက်အရ - ဤ **"အနှစ်သုံးပါး မြတ်တရား"**

စာအုပ်ကို ဒုတိယအကြိမ် ရိုက်နှိပ်ခြင်းဖြစ်ပါသည်။

## ဓမ္မဒါန ကုသိုလ်ရှင်

ဤကျမ်းစာအုပ်ရေ (၁၀၀၀)ကို မူလကုသိုလ်ရှင်များ ဖြစ်ကြသည့် အဝေရာရာမ ရန်ကင်းကျောင်းတိုက်၌ (၁) အနန္တဂုဏ်ရည်တိုက်ကျောင်း၊ (၂) အာစရိယဂုဏ်ရည် ဆွမ်းစားကျောင်း၊ (၃) အဝေရာရာမ ဗောဓိပင် (၄) သဗ္ဗဇေယျ တံခွန်တိုင် ကုသိုလ်ရှင်များဖြစ်ကြသော မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ ၈၃-လမ်း (၃၁+၃၂ လမ်းကြား) ဂုန္တာန်ရပ် "လွင်အထူးကုဆေးတိုက်" ကျောင်းဒါယကာကြီး ဒေါက်တာ ဦးဝင်းမြင့်+ကျောင်းဒါယိကာမကြီး ဒေါက်တာ ဒေါ်လွင်လွင်သန်းနှင့် သား, သမီး, မြေးများက ရိုက်နှိပ် လှူဒါန်းကြသဖြင့် သာဓုခေါ်ကာ မှတ်တမ်းတင်အပ်ပါသည်။

ဦးသြဒါတသိရီဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သံဃမဟာနာယက
အဝေရာရာမ ရန်ကင်းကျောင်းတိုက်
မဟာအောင်မြေမြို့နယ်၊
မန္တလေးမြို့။

၁၃၇၃-ခုနှစ်၊
တော်သလင်းလပြည့်ကျော် (၅)ရက်။
(၁၇. ၉. ၂၀၁၁)

## နိဒါန်း

ဤကျမ်းစာကို ရေးသူသည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ ဇယမေဒနီဝါဆိုကျောင်းမှ ၁၃၆၂ - ခုနှစ်၊ နှောင်းတန်ခူး လဆန်း ၃ - ရက် (၂၆. ၃. ၂၀၀၁)တနင်္လာနေ့တွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၁ - လမ်း၊ စိန်ပန်း၊ သံလျှက်မော်အရှေ့ ရပ်ကွက်၊ ဝိသုဒ္ဓါရုံမယ်ဇယ်တိုက် (ခေါ်) အဝေရာရာမ ရန်ကင်း ကျောင်းတိုက်သို့ ပဓာနနာယကဆရာတော်အဖြစ် ပြောင်းရွှေ့ နေထိုင် ရပါသည်။

ဤအဝေရာရာမ ရန်ကင်းကျောင်းတိုက်ကို မြန်မာနှစ် ၁၂၄၄ - ခုနှစ်တွင် ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းက လှူဒါန်းခဲ့ ကြောင်း မှတ်တမ်းရှိသဖြင့် ကျောင်းတိုက်၏ သက်တမ်းသည် ၁၁၈ - နှစ် ရှိပြီ ဖြစ်ပါသည်။

ကျောင်းတိုက်သက်တမ်း ၁၁၈ - နှစ် ရှိသော်လည်း ကျောင်းအဆောက်အအုံ သုံးလုံးသာရှိပြီး အကာအရံ တံတိုင်း လည်းမရှိ၊သစ်ပင်ကြီးငယ်များဖြင့် ပြည့်နက်နေသည့် ရစ်ဇော

နီးပါးရှိ ကျောင်းတိုက်ကြီးလည်း ဖြစ်သောကြောင့် ကျောင်းတိုက်သန့်ရှင်းသာယာရေးကိစ္စကို အင်အားအများကြီးသုံးရမည့် အခြေအနေဖြစ်ပါသည်။

မဟာရုံတံတိုင်းမရှိ၍လူနေအိမ်ခြေများနှင့် ရှုတ်ထွေးခြင်း၊ ကျောင်းတိုက်ကို ဖြတ်လမ်းသဖွယ်ပြုလုပ်ပြီး ရှင်လူအများ သွားချင်သလို သွားနေခြင်းတို့ကြောင့် ကျောင်းအဆောက်အအုံ အသစ်ဖြစ်ပေါ်ရေးထက် ကျောင်းဝင်း မဟာရုံတံတိုင်း ဖြစ်ရေးကိုသာ ဖောက်ချလုပ်ဖို့ စိတ်ကူးပြီး စိတ်အားစိုက် ဆောင်ရွက်ပါသည်။ သုံးနှစ်ခွဲလောက် လုပ်ရမည်ဟု ခန့်မှန်းထားသော မဟာရုံတံတိုင်းကြီးသည် ကျောင်းထိုင်ပြီး ၆-လ အကြာတွင် ရုပ်လုံးပေါ် ပြီးမြောက် သွားသဖြင့် အတိုင်းမသိ ဝမ်းမြောက်ရပါသည်။

မိမိ ပထမဆုံး ဝါဆိုသည့်နှစ်ဖြစ်၍ သံဃာသုံးဆယ်မျှသာ လက်ခံမည်ဟု စိတ်ကူးသော်လည်း မကင်းစကောင်းသော ပုဂ္ဂိုလ်များကို လာအပ်နေကြသဖြင့် ပထမနှစ် (ပထမဝါ) တွင် ဝါဆို သံဃာ ၄၄-ပါး ဖြစ်သွားပါသည်။

ထိုသို့ နေရာနှင့်စာလျှင် သံဃာအရေအတွက်က များနေသဖြင့် ကျောင်းအဆောက်အအုံအသစ် ဆောက်လုပ် လှူဒါန်းမည့် စေတနာရှင် လိုအပ်နေရာ ပေါ်ပေါက်လာသဖြင့် (မိမိအရေးထက်) သံဃာ့အရေး,သာသနာ့အရေးကို တွေး၍ ဝမ်းသာရပါသည်။

ကျောင်းဆောက်လှူဒါန်းမည့် စေတနာရှင်မှာ မန္တလေးမြို့

၈၃-လမ်း (၃၁ × ၃၂-လမ်းကြား) လွင်အထူးကုဆေးတိုက်ပိုင်ရှင် ဒါယိကာမကြီး ဒေါက်တာဒေါ်လွင်လွင်သန်းက အနန္တကျေးဇူးရှင် မိဘနှစ်ပါး,ဆရာသမားများနှင့် ဘုရား တရား သံဃာ အနန္တော အနန္တ ငါးပါးကို ပူဇော်သောအားဖြင့်လည်းကောင်း၊ ပါရမီဖြည့်ဘက် ဖြစ်သော ခင်ပွန်းဖြစ်သူ ဒေါက်တာ ဦးဝင်းမြင့်၏ ဆန္ဒကို ဖြည့်စွမ်း သောအားဖြင့်လည်းကောင်း သိန်းတစ်ရာ အကုန်ခံ၍ ကျောင်း ဆောက် လှူဒါန်းမည်ဖြစ်ကြောင်း လျှောက်ထားပြီး ကျောင်း ဆောက်ရေးကိစ္စကို အချိန်ရှိသမျှ အားထုတ်ကြိုးစားပါသည်။

ကုန်ဈေးနှုန်းများတက်သွားဖြင့် မူလရည်မှန်းထားသည့် သိန်းတစ်ရာ ကျော်သွားသော်လည်း စေတနာမတွန့်ဘဲ ကုန်ကျ သမျှ တာဝန်ယူပြီး ရဲရဲဝံ့ဝံ့ စွန့်လှူပါသည်။

ကျောင်းပန္နက်တင်ပွဲ မတိုင်မီကပင် ကျောင်းရေစက်ချပွဲ (ကျောင်းလှူတ်ပူဇော်သာဓုခေါ်ပွဲ)တွင် ဓမ္မဒါနစာအုပ်ငယ် တစ်အုပ် ဒါနပြုလိုကြောင်း၊ အရှင်ဘုရားကိုယ်တိုင် ရေးသားချီးမြှင့် ပေးစေ လိုကြောင်း လျှောက်ထားသဖြင့် ဤကျမ်းစာအုပ်ငယ်ကို စီစဉ် ရေးသားခြင်း ဖြစ်ပါသည်။

ဤကျမ်းစာတွင် လူ့ဘဝ၏ အနှစ်သာရသုံးမျိုးကို မည်သို့ ရအောင်ယူရမည်ကို အကျဉ်းချုံး၍ ဖော်ပြထားပါသည်။ ကျောင်း လှူရခြင်း၏ အကျိုးများကိုလည်း အကျဉ်းချုပ် ဖော်ပြထားပါသည်။

ဤကျမ်းစာငယ်တွင် ဖော်ပြတိုက်တွန်းထားသည့်အတိုင်း ကံကောင်းလှ၍ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုကိုးကွယ်ခွင့်

ရကြသော ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ လက်ရှိဘဝကို အကောင်းဆုံး အသုံးချ၍ မရဘူးသေးသော နိဗ္ဗာနဓာတ်ကို ရရှိအောင် ကြိုးစားနိုင်ကြပါစေသတည်း။

ဦးသြဒါတသိရီဘိဝံသ
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
အဝေရာရာမ ရန်ကင်းကျောင်းတိုက်
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

၁၃၆၃ - ခုနှစ်၊
ပြာသိုလဆန်း (၅)ရက်
(၁၈.၁.၂၀၀၂)

## ကျောင်းအမကြီး ဒေါက်တာ ဒေါ်လွင်လွင်သန်း၏
## ဒုတိယအကြိမ်ရိုက်
## အမှာစကား

ယခု (၁၀)နှစ်တာ ခရီး၏ ထပ်ဆင့်အမှာစကားမှာ ပီတိများစားပြီး ကျွန်မအားအင်တွေ ပြည့်နေပါပြီ။

အဘယ်ကြောင့်ဆိုသော် - ကျွန်မဆောက်လုပ် လှူဒါန်းထားသော အဝေရာရာမ ရန်ကင်းကျောင်းတိုက်ကြီး၏ စည်ပင်တိုးတက်မှုသည် အံ့မခန်းနိုင်လောက်အောင် ဖြစ်နေပါသည်။

ဆရာတော်ဦးဩဒါတသိရီဘိဝံသ၏ ဘုန်းတန်ခိုး, ဝီရိယ, ဉာန်စွမ်းတို့ရှိခြင်း၊ ဆရာတော်အား ကြည်ညို သဒ္ဓါပွားပြီး လှူဒါန်းကြသော ဒကာ, ဒကာမဘက်မှလည်း ဆရာဒကာ ညီညွတ်စွာ အားထုတ်ကြခြင်း၊ ဆရာတော်၏ ကျေးဇူးရှင် ဆရာတော်ကြီးများ ဘုန်းရှိန်,ကံရှိန် ကျောထောက်နောက်ခံကောင်းခြင်း၊ ဆရာတော်၏ တပည့်ရဟန်းသံဃာများ ဆရာတော်ဩဝါဒအတိုင်း လိုက်နာကြိုးစားအားထုတ်ခြင်းကြောင့်လည်းကောင်း၊ ဆရာတော်၏ မွေးရပ်ဇာတိဖြစ်သော စကျင်ရွာ, မွေပုံကန်ရွာ ဒကာ,ဒကာမများ၊ ရဟန်းဒကာ, ရဟန်းအမများ၊ ကျောင်းဝန်းကျင် ရပ်ကွက် အသီးသီးတို့မှ ဒကာ, ဒကာမများက ဝိုင်းဝန်းကူညီ ပံ့ပိုးကြခြင်းတို့ကြောင့် ယခုကဲ့သို့ (၁၀) နှစ်ပြည့် ခရီးသည် မနေ့တနေ့

ကလိုပင် ထင်ရလျှက် တိုးတက်နေသည်မှာ အားလုံး မျက်မြင် ထင်ရှားတွေ့ရှိနေရပါသည်။ မြင်ရသူ့ကြားရသူ ပုဂ္ဂိုလ်အပေါင်းတို့သည် ကျွန်မကဲ့သို့ ပီတိကိုစားပြီး အားရှိနေကြမည်မှာ အမှန်ပင် ဖြစ်ပါသည်။

ဂုဏ်ကျေးဇူးကြီးမားတော်မူသော ရတနာသုံးပါးနှင့် မိဘ ဆရာသမားတို့ကို အာရုံပြု ပူဇော်သောအားဖြင့်လည်းကောင်း၊ ကွယ်လွန်သွားပြီးဖြစ်သော ယခုဘဝ ပါရမီဖြည့်ဘက် ခင်ပွန်း ကျောင်းဒကာကြီး ဒေါက်တာ ဦးဝင်းမြင့်-အား ရည်မှန်း၍ လည်းကောင်း၊ အဝေရာရာမ ရန်ကင်းကျောင်းတိုက် (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ်ဖြင့် "အနှစ်သုံးပါး မြတ်တရား" ကျမ်းစာအုပ် ကိုပင် ဒုတိယအကြိမ် ထပ်မံရိုက်နှိပ် လှူဒါန်းအပ်ပါသည်။

ဒေါက်တာဒေါ်လွင်လွင်သန်း
(လွင်အထူးကုဆေးတိုက်)
၈၃-လမ်း၊၃၁+၃၂-လမ်းကြား၊
ဖုန်း=၀၂-၃၁၃၆၉ / ၀၂-၇၂၀၂၅
၀၉- ၆၅၀၁၁၂၄
မန္တလေးမြို့။

၁၃၇၃-ခုနှစ်၊
တော်သလင်းလပြည့်ကျော် (၅)ရက်၊
တနင်္ဂနွေနေ့(၁၈-၉-၂၀၁၁)

## ကျောင်းအမကြီး ဒေါက်တာဒေါ်လွင်လွင်သန်း၏ အမှာစကား

ကျွန်မတို့ ကြည်ညိုလေးစားရပါသော မန္တလေးတိုင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဝါဆိုကျောင်းမှ စာချဆရာတော် ဦးဣန္ဒါဝတသီရိဘိဝံသသည် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက ဆရာတော်များ၏ တာဝန်ပေးချက်အရ စိန်ပန်း၊ သံလျှက်မော် အရှေ့၊ ဝိသုဒ္ဓါရုံမယ်ဇယ်တိုက် (ခေါ်) အဝေရာရာမ ရန်ကင်း ကျောင်းတိုက်သို့ ပြောင်းရွှေ့သာသနာပြုရပါသည်။ ၁၃၆၃ – ခုနှစ်၊ ဝါဆိုဦးမှ ဆရာတော်စတင် ပြောင်းရွှေ့ပါသည်။

ပရိယတ္တိ စာသင်တိုက်ဖြစ်၍ ကျောင်းအဆောက်အအုံ လိုအပ်နေကြောင်း သမီးဖြစ်သူ ဒေါက်တာနီလာဝင်းက စကား လက်ဆောင် သယ်ဆောင်လာခဲ့ပါသည်။ "ပါးပါး ရှိစဉ်ကတည်းက ကျောင်းဆောက်ဖို့ စိတ်ကူးရှိသည့်အတွက် ယခုလို လိုအပ်သော နေရာတွင် ဆောက်လုပ်လှူဒါန်းပါက အကျိုးများမည်ဖြစ်ကြောင်း" အဝေရာရာမ ရန်ကင်းကျောင်းတိုက်ထဲတွင် ကျောင်းဆောက်လှူ ဖို့ တိုက်တွန်း နှိုးဆော်ခဲ့ပါသည်။

ရင်းနှီးသော ဓမ္မမိတ်ဆွေ ဦးထွန်းလှိုင် + ဒေါ်မိမိတို့က လည်း ကျောင်းအလှူသည် အမြတ်ဆုံးဖြစ်၍ လှူဖြစ်အောင်လှူဖို့ တိုက်တွန်းကြပါသည်။

ထို့ကြောင့် သမီးနီလာဝင်းတို့ ဇနီးမောင်နှံနှင့်အတူ အဝေရာရာမ ရန်ကင်းကျောင်းတိုက်သို့ သွားရောက်ပြီး ကျောင်းဆောက်လှူရန် ရည်မှန်းချက်ရှိကြောင်း, ငွေကြေးအဆင်သင့်ဖြစ်သောအခါ တရားဝင်လျှောက်ထားပြီး ကျောင်းဆောက်ခြင်းကိစ္စ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆရာတော်အား လျှောက်ထားခဲ့သည်။

ငွေကြေးကိစ္စ အဆင်သင့်ဖြစ်သည့်အခါ ကျောင်းဆောက်တော့မည်ဖြစ်ကြောင်း အတည်ပြုလျှောက်ထားပြီး ဆရာကြီးဦးဝင်းမြင့် စုဆောင်းခဲ့သော ငွေကြေးထဲမှ အချို့ဖြင့် အုတ် ၆ - ဖိုစတင်ဝယ်ယူပါသည်။ ထိုစဉ်က မဟာအောင်မြေမြို့နယ်အဆောက်အအုံဌာနတွင် တာဝန်ကျနေသော စည်ပင်အင်ဂျင်နီယာ ဦးဝင်းမောင်(၃)က B.Q ထုတ်ပေးပြီး၍ စည်ပင်သာယာမှ ဆောက်လုပ်ခွင့် အမိန့်ရသည်နှင့် တပြိုင်နက် လိုအပ်သော ပစ္စည်းများကို စတင်ဝယ်ပါသည်။

၁၃၆၃ - ခုနှစ်၊ ဝါခေါင်လဆန်း ၈ - ရက် (၂၇ - ၈ - ၀၁) တနင်္လာနေ့၊ နံနက် ၁၀ - နာရီ၊ ၁၀ - စက္ကန့် မင်္ဂလာအချိန်တွင် ပန္နက်တင် မင်္ဂလာကျင်းပ၍ ဆောက်လုပ်ရေး လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါသည်။

ဆရာကြီး ဦးဝင်းမြင့် ကွယ်လွန်၍ တစ်နှစ်ပြည့်သည့် ၁၃၆၃ - ခုနှစ်၊ ပြာသိုလဆန်း ၁ - ရက်(၁၄.၁.၀၂)နေ့တွင် ကျောင်း

ရေစက်ချရန် ရည်မှန်း၍ တက်ညီလက်ညီ ကြိုးစားကြသော်လည်း အခက်အခဲအချို့ကြောင့် အချိန်မှီ မပြီးစီးခဲ့ပါ။ သို့ဖြစ်၍ ဆရာကြီး ဦးဝင်းမြင့် တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စကျင်ကျောက် ဆင်းတု ကျွန်းပလ္လင်နှင့် တကဲတော်. ကွန်ပျူတာ. ပရင်တာအစုံ တို့ကို ပဏာမရေစက်ပြေးအနေဖြင့် ရေစက်ချ လှူဒါန်းခဲ့ပါသည်။

မူလသိန်းတစ်ရာ ယတိပြတ် မှန်းခဲ့သော်လည်း မမျှော် လင့်လောက်အောင် တက်လာသော ကုန်ဈေးနှုန်းများကြောင့် "ကျောင်းပြီးမှ ငါ့အလှူပြီးမည်"ဟု သဒ္ဓါစိတ်ကို မြှင့်တင်ကာ ဆက်လက်ကြိုးစားခဲ့ရပါသည်။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးနှင့် ထိုရတနာသုံးပါးကြောင့် ရရှိလာသော အသိစိတ်ဓာတ်က ကျမ၏ သဒ္ဓါစိတ်ကို နှိုးဆော်ပေးနေသဖြင့် မျှော်မှန်းသည်ထက် ပိုမိုကုန်ကျ သော်လည်း ကျမမှာ စိတ်ဓာတ် ရွှင်လန်းတက်ကြွလျက် ရှိပါသည်။

## ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်

ကျမတို့ ဇနီးမောင်နှံသည် ဗေဒင် .လက္ခဏာကို အလေး အနက်ထားသူများ မဟုတ်ပါ။ ရတနာသုံးပါး အနန္တော အနန္တငါးပါး ဂုဏ်ကျေးဇူးနှင့် ကံ.ဉာဏ်.ဝီရိယတို့ကိုသာ အလေးအနက်ထားကြ သူများ ဖြစ်ပါသည်။

သို့သော် ထိုဗေဒင်နှင့် စပ်လျဉ်းသော ဖြစ်စဉ်များမှာ ကျမတို့ ဇနီးမောင်နှံကို များစွာအံ့သြစေခဲ့ပါသည်။

လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်က ပျဉ်းမနားမှ ဆရာဦးသန်းမောင်သည် ကျမတို့နှင့် ခင်မင်ရင်းနှီးသည့်အားလျော်စွာ ကျမတို့အိမ်တွင် ဝင်ထွက်သွားလာ တည်းခိုတတ်ပါသည်။

၁၉၇၀-ခုနှစ်၊ တစ်ခုသောနေ့တွင် ပျဉ်းမနား ဆရာဦးသန်းမောင်က "**စီးပွား တက်လိမ့်မည်၊ အိမ်မြေ. တိုက်တာ. ကားများ ဝင်လာလိမ့်မည်၊ အလှူကြီး ပေးလှူရလိမ့်မည်**"ဟု နှစ်များ ပိုင်းခြားသတ်မှတ်၍ ဗေဒင်ဟောပါသည်။ ဆရာ၏ စေတနာကိုအသိအမှတ်ပြုသော အနေဖြင့် ဆရာ၏ ဟောဆိုချက် (ဟောစာတမ်း)ကို လက်ခံထားကြပါသည်။

အနန္တောအနန္တငါးပါး၏ ကျေးဇူးနှင့် ကျမတို့၏ ကံ.ဉာဏ်. ဝီရိယစွမ်းအင်ကြောင့် ထိုဆရာ၏ ဟောဆိုချက်များသည် မှန်ကန်သည်ကို တွေ့ရပါသည်။

၁၉၈၁-ခုနှစ်တွင် အလှူကြီးလှူရမည်ဟု ဟောခဲ့သည့် အတိုင်း ထိုနှစ်တွင် သားမောင်ဝဏ္ဏကို မိုးကုတ်မြို့၊ သတိပဋ္ဌာန်ကျောင်းတွင် ရှင်ပြုခြင်း၊ ကျမ၏ ခမည်းတော် ဦးတိဏ္ဏအား ကံထပ်ခြင်း အလှူတော်မင်္ဂလာကို ပြုလုပ်လှူဒါန်းခဲ့ပါသည်။ ရှင်ပြုပြီး လက်ထဲမှာ ငွေ ၁၀၀၀/ပဲ ကျန်တော့သည်အထိ လှူခဲ့ရပါသည်။ "**နောက် ၂၂-နှစ်ကြာလျှင် ဒီထက် အဆများစွာကြီးကျယ်သည့် အလှူကြီးကို လှူရလိမ့်ဦးမည်**"ဟူသော ဟောကြားချက်မှာလည်း ယခု ရေစက်ချသည့် (၂၅-၃-၂၀၀၂) ခုနှစ်

"သိန်းတစ်ရာခုနစ်ဆယ်ငါးသိန်း" ကျော် ကုန်ကျသော ဤ "အနန္တဂုဏ်ရည်ကျောင်းဆောင်" ကြီးကို ဆောက်လုပ်လှူဒါန်း ရသဖြင့် ဗေဒင်ဟောကိန်းမှာ မှန်ကန်နေပြန်ပါသည်။

## အနန္တဂုဏ်ရည်ကျောင်းဆောင်

ကျမရေးပြခဲ့သည့်အတိုင်း ဘုရား, တရား, သံဃာ, မိဘ ဆရာသမားများ၏ ကျေးဇူးကြောင့် ကုသိုလ်,အကုသိုလ်မှန်းသိပြီး ကုသိုလ်ကို ကြိုးစားအားထုတ်နိုင်ခဲ့ပါသည်။ အနန္တငါးပါးကို အစွဲပြု၍ ရအပ်သော ဉာဏ်,ဝီရိယဖြင့် ကြိုးစားမှုကြောင့် ကျမတို့ ကံကောင်းခဲ့ပါသည်။ လူ့လောကဝယ် လူဖြစ်ရကျိုးနပ်ကာ ထိုက်သင့်သော အဆင့်သို့ ရောက်ရှိပြီး သားသမီးများ လိမ္မာရေးခြား ရှိကြ၍ ကိုယ်ရောစိတ်ပါ ချမ်းသာစွာ နေထိုင်ရပါသည်။

ကျမ ဘဝခရီးတစ်လျှောက်တွင် လောကဓံ အမျိုးမျိုးကို တွေ့ကြုံခံစား ခဲ့ရပါသည်။ သာယာဖွယ် လောကဓံများ တွေ့ခဲ့ရသလို ခါးသီးသော လောကဓံများကိုလည်း ကြုံတွေ့ရပါသည်။

မည်မျှပင် အခက်အခဲ အကြမ်းအတမ်းများနှင့်တွေ့ရ တွေ့ရ မည်မျှပင် စိတ်ဒုက္ခများကြုံရကြုံရ အိပ်ရာဝင်ခါနီး (အိပ်ရာဝင်ချိန်)တွင် အနန္တော အနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို အောက်မေ့နှလုံးသွင်း ဆင်ခြင်၍အိပ်သည့် အလေ့အထ မပျက်စေခဲ့ပါ။

ဤသို့ ရတနာသုံးပါး, အနန္တငါးပါး၏ အစွမ်းများကြောင့်

၁။ ရတနာသုံးပါး ကိုင်းရှိုင်းသော မိဘနှစ်ပါးမှ မွေးဖွား

ရခြင်း။

၂။ ဆရာကောင်း သမားကောင်းများနှင့် တွေ့ရခြင်း။

၃။ အလှူအတန်းတွင် မတွန့်ဆုတ်သော သဒ္ဓါရှိသည့် စိတ်တူကိုယ်တူ ခင်ပွန်းကိုရခြင်း။

၄။ မိဘအား စိတ်ဒုက္ခ မပေးသော သားနှင့်သမီးကို ပိုင်ဆိုင်ရခြင်း။

၅။ နိဗ္ဗာန်နှင့် နီးစေနိုင်သော ကမ္မဿကတာသမ္မာဒိဋ္ဌိ နှင့် ဝိပဿနာ သမ္မာဒိဋ္ဌိတို့ကို လက်ကိုင်ထား၍ လှူတတ်သော အသိဉာဏ်ကို ရခြင်းတို့နှင့် ပြည့်စုံခဲ့ပါသည်။

ဤသို့ ကျေးဇူးကြီးမားလှသော ဘုရား၊တရား၊သံဃာ မိဘဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို ပူဇော်သောအားဖြင့်လည်းကောင်း၊ ကျမ၏ ဒီဘဝ ပါရမီဖြည့်ဖက်ဖြစ်သော ဆရာကြီး ဒေါက်တာဦးဝင်းမြင့်၏ အနန္တကျေးဇူးကို တုံ့ဆပ်သောအားဖြင့် လည်းကောင်း ဆောက်လုပ်လှူဒါန်းအပ်သော ဤတိုက်ကျောင်းကြီးကို " အနန္တဂုဏ်ရည်ကျောင်း "ဟု ကမ္ပည်းတပ်ပြီး အနန္တကျေးဇူးရှင်များ၏ ဂုဏ်ကျေးဇူးကို ရည်စူးပူဇော်ပါသည်။

ဤအနန္တဂုဏ်ရည်ကျောင်း ရေစက်သွန်းချလှူဒါန်းပွဲ၌ ဤ "အနှစ်သုံးပါး မြွတ်တရား" ကျမ်းစာကို ဓမ္မဒါန အမတဒါန ပြုအပ်ပါသည်။

ဒေါက်တာဦးဝင်းမြင့် ကွယ်လွန်၍ ၁ - နှစ်ပြည့်နေ့တွင်

ဝါဆိုဆရာတော်ဘုရားကြီး ဟောကြားတော်မူသည့် တရားတော်ကိုလည်း ပူးတွဲဖော်ပြ၍ ဓမ္မဒါနပြုပါသည်။

## ကျေးဇူးစကား

ဤအနန္တဂုဏ်ရည်ကျောင်းကြီး အချိန်မီပြီးစီးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်တို့အား အထူးကျေးဇူးတင်ရှိပါသည်။

ပြုပြုသမျှ ကုသိုလ်ကို အနန္တကျေးဇူးရှင် အပေါင်းနှင့် သတ္တဝါ အပေါင်းတို့အား အမျှပေးဝေပါ၏၊ အမျှရ၍ ကျန်းမာ ချမ်းသာ ကြပါစေ။

ဒေါက်တာဒေါ်လွင်လွင်သန်း
(လွင်အထူးကုဆေးတိုက်)
၈၃-လမ်း၊၃၀+၃၂-လမ်းကြား၊
ဖုန်း=၀၂-၃၀၃၆၉ / ၀၂-၇၂၀၂၅
၀၉-၆၅၀၀၁၂၄
မန္တလေးမြို့။

၁၃၆၃-ခုနှစ်၊
ပြာသိုလဆန်း(၅)ရက်
(၁၈.၁.၂၀၀၂)



အနန္တဂုဏ်ရည်ကျောင်းဆောင်ထဲတွင်
၁၃၆၃ - ခုနှစ်၊ ပြာသိုလဆန်း ( ၃ ) ရက်၊ ၁၄ - ၁ - ၂၀၀၁
မန္တလေးမြို့၊ ၈၃ - လမ်း၊ “ လွင် ” အထူးကုဆေးတိုက်
( ဒေါက်တာဦးဝင်းမြင့် )
ဇနီး - ဒေါက်တာဒေါ်လွင်လွင်သန်း နှင့် သား သမီး
မြေးများမှ ကိုးကွယ်ပူဇော်သော ပလ္လင်တော်နှင့် ဗုဒ္ဓရုပ်ပွားတော်



မန္တလေးမြို့
" လွင် " အထူးကုဆေးတိုက် ဒေါက်တာ ဦးဝင်းမြင့် + ဒေါက်တာဒေါ်လွင်လွင်သန်း
မိသားတစ်စု ဆောက်လုပ်လှူဒါန်းသော

**တရုတ်ပြည်မှ ပင့်ဆောင်တော်မူပြီး**
**အာစရိယဂုဏ်ရည်ဆွမ်းစားကျောင်းထဲတွင် ထည်ထားကိုးကွယ်သော**
**ကြွေလာဘမုနိဘုရား**



မန္တလေးမြို့၊ ၈၃ - လမ်း၊ (၃၀ × ၃၂ လမ်းကြား)၊ ဂုန္တာန်ရပ်၊ အမှတ် ၃၁၉/၃၂၀ (ခ)
"လွင်" အထူးကုဆေးတိုက်ပိုင်ရှင်
ဒေါက်တာ ဦးဝင်းမြင့် + ဒေါက်တာဒေါ်လွင်လွင်သန်း - သားသမီးများဖြစ်ကြသော
ဒေါက်တာစိုးဟန် + ဒေါက်တာနီလာဝင်း၊ ကိုဝဏ္ဏလင်းထွဋ် + မဘိုဘိုခင်
မြေး - မပိုးစုမြတ်၊ မောင်ဝေယံ၊ မကေဇင်ဖူးသက်၊ မငြိမ်းသူဇင် (ခ) မသိမ့်ထူးဇင်
မိသားတစ်စုတို့ လှူဒါန်းသော

အနန္တဂုဏ်ရည်ကျောင်းဆောင်



## အာစရိယဂုဏ်ရည်ဆွမ်းစားကျောင်း

န္တလေးမြို့ "လွင်" အထူးကုဆေးတိုက် ဒေါက်တာ ဦးဝင်းမြင့် + ဒေါက်တာဒေါ်လွင်လွင်သန်း

သား သမီးများဖြစ်ကြသော

ဒေါက်တာစိုးဟန် + ဒေါက်တာနီလာဝင်း၊ ကိုဝဏ္ဏလင်းထွဋ် + မဘိုဘိုခင်

မပိုးစုမြတ်၊ မောင်ဝေယံ၊ မကေဇင်ဖူးသက် ၊ မငြိမ်းသူဇင် (ခ) မသိမ့်ထူးဇင်

မြေးတစ်စုတို့၏သဒ္ဓါဒါနကုသိုလ်

၁၃၆၆ - ခု ၊ ပဌမဝါဆိုလဆန်း ( ၁၁ ) ရက်၊ ၂၇ - ၆ - ၂၀၀၄ ခုနှစ်တွင် ရေစက်ချလှူဒါန်းသည်။




၁၃၇၀ - ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ - ရက်

အဝေရာရာမ မဟာဗောဓိပင် နှင့် ရုပ်ပွားတော်များ

ဘုရားအနေကဇာတင်

ကျောင်းအမကြီး မွေးနေ့မင်္ဂလာတွင် ရေစက်ချလှူဒါန်းပါသည်။



အဝေရာရာမ ရန်ကင်းကျောင်းတိုက် ၊ အနန္တဂုဏ်ကျောင်းဆောင်၊ ကျောင်းလှူတတ်ပူဇော်ပွဲတွင်
ဆရာတော် ဘဒ္ဒန္တဩဒါတသိရီဘိဝံသ
(နိုင်ငံတော်သံဃမဟာနာယက)
၊ ရွှေကျင်ဂိုဏ်းတွဲဘက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ (သ.အ ဓမ္မာစရိယ၊ ပါဠိပါရဂူ) အား ကံထပ်မင်္ဂလာ၊
ကိုဝဏ္ဏလင်းထွဋ် နှင့် ကိုညီညီလွင်အား ရဟန်းခံ
ကိုစိုင်းစိုးကျော်၊ ကိုကျော်ဇောလွင် နှင့် ဦးထွန်းထွန်းသားနှစ်ယောက်တို့အား ရှင်ပြုမင်္ဂလာ



အာစရိယဂုဏ်ရည်ကျောင်းထဲတွင်

**တရုတ်ပြည်မှ ပင့်ဆောင်လာသော ကြွေရုပ်ဘုရားအား**

အဝေရာရာမ ရန်ကင်းကျောင်းတိုက် သံဃာတော်များမှ

ဘုရားအနေကဇာတင်ခြင်း အခမ်းအနား



အဝေရာရာမ ရန်ကင်းကျောင်းတိုက်

ဆရာတော် ဘဒ္ဒန္တဩဘာသိရီဘိဝံသ

(နိုင်ငံတော်သံဃမဟာနာယက)၊ ရွှေကျင်ဂိုဏ်းတွဲဘက်အကျိုးတော်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ (သ.အ ဓမ္မာစရိယ၊ ပါဠိပါရဂူ) အား

အဝေရာရာမ မဟာဗောဓိ ရုပ်ပွားတော်များနှင့် ဘုရားအနေကဇာတင် မွေးနေ့မင်္ဂလာအခမ်းအနားတွင်

၁။ ကံထပ်မင်္ဂလာပြုလုပ်ခြင်း၊ ၂။ ဆေးပဒေသာပင် (၁၀၀၀၀၀ိ)ကျပ် ၃။ ဆရာတော်နဝကမ္မ (၂၀၀၀၀၀ိ)ကျပ်

၄။ ကျောင်းတိုက်အတွက် နဝကမ္မ (၅၀၀၀၀၀ိ)ကျပ် ၅။ မြပတ္တမြားစိုရ်ရ လှူမှုရေးအသင်းအတွက် (၁၀၀၀၀၀ိ)ကျပ်

၆။ နာဂစ်မုန်တိုင်းကျဒေသဖြစ်သည့် လပွတ္တာမြို့ရေတွင်းအလှူ (၂၀၀၀၀၀ိ) ပေါင်း (၁၅) သိန်းကို

# အနှစ်သုံးပါး မြတ်တရား

## နမော သမ္မာသမ္ဗုဒ္ဓဿ

## အပိုင်း (၁)

### ရခဲသော ဒုလ္လဘတရား ငါးပါး

လောက၌ ရခဲသော အရာကို " ဒုလ္လဘ " ဟု ခေါ်သည်။ ထိုရခဲသော ဒုလ္လဘငါးပါးကို မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့သည်။ ထို ဒုလ္လဘတရား ငါးပါးမှာ -

၁။ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ = ဘုရားပွင့်ရာကာလနှင့် တွေ့ကြုံရန် ခက်ခဲခြင်း။

၂။ မနုဿတ္တဘာဝ ဒုလ္လဘ = လူ့ဘဝကို ရခဲခြင်း။

၃။ သဒ္ဓါသမ္ပတ္တိ ဒုလ္လဘ = ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးနှင့် ကံ၊ ကံ၏ အကျိုးတရားကို ယုံကြည်သည့် သဒ္ဓါတရားနှင့် ပြည့်စုံရန် ခက်ခဲခြင်း။

၄။ ပဗ္ဗဇိတဘာဝ ဒုလ္လဘ = ရှင်သာမဏေဘဝ၊ ရဟန်းတော်ဘဝကို ရရှိရန်ခက်ခဲခြင်း။

၅။ သဒ္ဒမ္မသဿဝန ဒုလ္လဘာ = နိဗ္ဗာန်ရောက်ကြောင်း၊ သူတော်ကောင်းတရားမြတ်ကို နာကြားဖို့ ခက်ခဲခြင်းတို့ ဖြစ်လေသည်။

## ဘုရားပွင့်ရန် ခက်ခဲ

ဘုရားတစ်ဆူပွင့်ရန် အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီ (၁၀)ပါး ဘုရားဖြစ်ကြောင်း တရားကောင်းတို့ကို ကြိုးစားဖြည့်ကျင့်ရ၏။

လေးသင်္ချေကို အသာထား၍ ကမ္ဘာတစ်သိန်းအနက်က တစ်ကမ္ဘာ၏သက်တမ်းကို နှစ်အရေအတွက်ဖြင့် ပိုင်းခြား သတ်မှတ်ရန် မတတ်နိုင်ပေ။ ဥပမာဖြင့်သာ မှန်းဆ သိနိုင်ပေသည်။

ဘုရားလက်ထက်က ရဟန်းတစ်ပါး မေးလျှောက်ချက်အရ ဘုရားရှင်က တစ်ကမ္ဘာသက်တမ်း ကြာညောင်းလှပုံ (ရှည်လျားလှပုံ)ကို ကျောက်တောင် ဥပမာ၊ မုန်ညင်းစေ့ ဥပမာတို့ဖြင့် ပြခဲ့၏။

## ကျောက်တောင်ဥပမာ

အလျား (၁)ယူဇနာ၊ အနံ(၁)ယူဇနာ၊ အမြင့် (၁)ယူဇနာရှိသော ကျောက်တောင်ကြီးကို အလွန်နူးညံ့သော ဝါဂွမ်းဖြင့် အနှစ်တစ်ရာကြာလျှင် တစ်ခါ၊ နောက်အနှစ်တစ်ရာ ကြာပြန်လျှင် တစ်ခါ ဤသို့ စသည်ဖြင့် အနှစ်တစ်ရာကြာတိုင်း တစ်ခါတစ်ခါ ပွတ်တိုက်

ရာ၏။ ထိုသို့ ပွတ်တိုက်ဖန်များသဖြင့် ကျောက်တောင်ကြီးသာ ကုန်သွားမည်။ တစ်ကမ္ဘာ၏ သက်တမ်းကား မကုန်သေး - ဟု မိန့်ကြားတော်မူသည်။

ဤမျှ ကြာညောင်းလှသော ကမ္ဘာပေါင်းပင်လျှင် တစ်သိန်း မျှရှိသည်။ လေးသင်္ချေအတွက်ကား များစွာကျန်သေးသည်။

ဤသို့ကြာညောင်းလှသောကာလတို့၌ ပါရမီတရားတို့ကို ဖြည့်ကျင့်မှသာ ဘုရားဖြစ်ခွင့်ရှိရာ ဘုရားရှင်၏ သာသနာတော်နှင့် တွေ့ကြုံရန် မည်မျှ ခက်ခဲလှကြောင်း မှန်းဆနိုင်ပေသည်။

## လူ့ဘဝလည်း ရခဲသည်

လူ့ဘဝရဖို့ရန်လည်း အလွန်ခက်ခဲပါသည်။ အမိဝမ်း၌ ပဋိသန္ဓေတည်ပြီးမှ ပိုး၊ အစားအစာ၊ ဆေးဝါးစသော အနှောင့်အယှက်များကြောင့် ကလလရေကြည် ဘဝကပင် သေကြေပျက်စီးသွားရသူများ များစွာရှိသည်။

ထိုထိုဘုံဘဝမှ လူ့ဘဝသို့ လူလာဖြစ်ကြရသူများမှာ အနည်းငယ်သာရှိ၍ အခြား. အခြားဘဝတို့၌ ဖြစ်ကြရသူတို့သာ များပေသည်။

ဘုရားလက်ထက် တစ်နေ့သောအခါတွင် ဘုရားရှင်က မြေကြီးပေါ်မှ မြေမှုန့်အနည်းငယ်ကို လက်သည်းပေါ်သို့ ကောက်တင်ပြပြီး "ရဟန်းတို့ ငါဘုရား လက်သည်းပေါ်ရှိသည့် မြေကြီး

(မြေမှုန့်)နှင့် ကမ္ဘာမြေကြီး ဘယ်ကများသနည်း” ဟု မေးတော်မူရာ ရဟန်းများက “လက်သည်းပေါ်က မြေကြီးက အနည်းငယ်သာရှိ၍ ကမ္ဘာမြေကြီးပေါ်ရှိ မြေကြီး (မြေမှုန့်)ကသာ များပါကြောင်း” လျှောက်ထားသည်။

ဘုရားရှင်က “ရဟန်းတို့ ဤနည်းအတူပင် လူ့ပြည်၌ လူလာဖြစ်ကြရသော သတ္တဝါတို့မှာ လက်သည်းပေါ်ရှိ မြေမှုန့်အလားလွန်စွာနည်းပါးလှ၍ လူ့ပြည်မှ အခြားဘဝတို့၌ ဖြစ်ကြရသော သတ္တဝါတို့သည် ကမ္ဘာမြေကြီးအလား များပြားလှပေသည်”ဟု မိန့်တော်မူပါသည်။

## လိပ်ကန်းကြီးဥပမာ

ထို့ပြင် လူ့ဘဝရရန်ခဲယဉ်းပုံကို လိပ်ကန်းကြီး ဥပမာဖြင့်လည်း ဘုရားရှင် ညွှန်ပြခဲ့သည်။

အလွန်ကျယ်ပြောလှသော ပင်လယ်ကြီးထဲ၌ မျက်စိမမြင်သော လိပ်ကန်းကြီးတစ်ကောင်သည် သွားချင်ရာ သွားနေသည်။ ထိုပင်လယ်ကြီးထဲတွင် အပေါက် တစ်ပေါက်သာပါသော ထမ်းပိုးတုံးကြီးတစ်တုံးသည်လည်း အရှေ့+ အနောက် + တောင် + မြောက် အရပ်မျက်နှာတို့သို့ မျောချင်သလို မျောနေသည်။ ထိုလိပ်ကန်းကြီးသည် အနှစ်တစ်ရာကြာမှ တစ်ကြိမ်သာ ရေပေါ်သို့ ပေါ်လာလေ့ရှိ၏။

ဤသို့ အနှစ်တစ်ရာကြာမှ တစ်ကြိမ်သာ ရေပေါ်သို့ ပေါ်လာတတ်သော လိပ်ကန်းကြီး၏ ဦးခေါင်းနှင့် မျောချင်ရာ

မျောနေသော ထမ်းပိုးတုံးကြီး၏ တစ်ခုတည်းသော အပေါက်သို့ တည့်တည့်မတ်မတ် စွပ်မိဖို့က လွယ်ချင်လွယ်အုံးမည်။ လူ့ဘဝကို ရရန်ကား မလွယ်ကူကြောင်း ဘုရားရှင် မိန့်ကြားတော်မူပါသည်။

## တကယ်ခက်သလား

လူ့ဘဝရရန် ခက်ခဲသည်ဟူသော စကားကို အချို့လူများ က လက်မခံလိုကြပေ။ ကမ္ဘာ့လူဦးရေသည် လျော့မသွားဘဲ တစ်နှစ် ထက်တစ်နှစ် တိုးလျက်ရှိရာ ယခုအခါ သန်းပေါင်း ၆၀၀၀ ကျော်နေ သဖြင့် လူ့ဘဝရရန် မခဲယဉ်းဟု စောဒကတက်ကြပေသည်။

သို့သော် - တိရစ္ဆာန်ဘဝ ရောက်နေကြသော သတ္တဝါများ ကား လူဦးရေထက် အဆသိန်းသန်းမက ပိုလွန်နေပေရာ ယင်းတို့ ၏ စောဒကတက်မှုသည် အချည်းနှီးသာ ဖြစ်ပေသည်။

## လူ့လေးမျိုး

လူ - ကို ပါဠိဘာသာဖြင့် "မနုဿ" ဟုခေါ်သည်။ မနုဿ - ဟူသော စကားလုံးကို အဖွင့်ကျမ်းများက "ဟိတာဟိတံ မနတိ ဇာနာတီတိ မနုဿော = အကျိုးရှိသည်၊ မရှိသည်ကို သိတတ်သော ကြောင့် "လူ" မည်၏" ဟုလည်းကောင်း။

"မနော ဥဿော ဥဿန္နံ အဿာတိ မနုဿော = မြင့်မြတ် သော အထက်တန်းကျသော စိတ်ရှိသောကြောင့် "လူ" မည်၏" ဟု

လည်းကောင်း ဖွင့်ဆိုထားရာ - လူသားမိဘက ပေါက်ဖွားလာပြီး လူတို့၏ ကိုယ်လက်အင်္ဂါများ ရှိရုံမျှဖြင့် "လူ"ဟု မဆိုနိုင်ပေ။ အကြောင်းဟုတ်သည် မဟုတ်သည်၊ အကျိုးရှိသည် မရှိသည်ကို ခွဲခြား သိမြင်တတ်မှသာ "လူ"ဟု ခေါ်နိုင်ပေသည်။ ထို့ပြင် - အသိအလိမ္မာ ဉာဏ်ပညာရှိ၍ အကုသိုလ်ကိုကြဉ်ရှောင်၊ ကုသိုလ် တရားကို ကြိုးစားပွားများ အားထုတ်နိုင်မှသာ "လူ"ဟု ခေါ်နိုင်ပေ သည်။

ဝိမာနဝတ္ထု အဋ္ဌကထာတွင် လာရှိသော "လူလေးမျိုး"ကို ဤနေရာ၌ ထုတ်ပြလိုပေသည်။

၁။ ငရဲသားနှင့်တူသောလူ (လူ့လောကဝယ် ဒုစရိုက်မှုကျူး လွန်မိသဖြင့် အကျဉ်းချခံရကာ အနှိပ်စက် ခံနေရသော လူသားများ။)

၂။ တိရစ္ဆာန်နှင့်တူသောလူ (ကုသိုလ်၊ အကုသိုလ်ကို ခွဲခြား မသိတတ်သော လူသားများ။)

၃။ ပြိတ္တာနှင့်တူသောလူ ( အစာရေစာ ငတ်မွတ်ခေါင်းပါးပြီး ဆင်းရဲစွာ အသက်မွေးကြရသော လူမွဲ၊ လူဆင်းရဲများ။)

၄။ လူနှင့်တူသောလူ (ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားသိမြင်၍ ကုသိုလ်ကို ကြိုးစားအားထုတ်ကာ အကုသိုလ်ကို ရှောင် ကြဉ်ကြသော လူသားများ။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် တို့ကို ကြိုးစားအားထုတ်သူ၊ လူ့စည်းကမ်း လူ့ကျင့်ဝတ်ကို လိုက်နာ ကျင့်သုံးသူများ။)

## လူနှင့်တူသောလူ (ပရမတ္ထမနုဿ)

လူသည် အင်္ဂါခြေလက် ကိုယ်ဟန်သဏ္ဌာန်အားဖြင့်လည်းကောင်း၊ အသိဉာဏ် အားဖြင့်လည်းကောင်း တိရစ္ဆာန်များထက် ထူးခြားပေသည်။ အိပ်ခြင်း၊ စားခြင်း၊ ကာမဂုဏ် ခံစားခြင်းဟူသော အလုပ်ကိစ္စသုံးမျိုးကို လူသားများသာမက ခွေး၊ နွား၊ ကြက်၊ ဝက်စသောအဟိတ်တိရစ္ဆာန်များလည်း ပြုလုပ်ကြသည်သာ ဖြစ်၏။

ထို့ကြောင့် အအိပ်၊ အစား၊ ကာမဂုဏ် ခံစားခြင်းဖြင့်သာ အချိန်ကုန်သွားသော လူသားတစ်ယောက်သည် တိရစ္ဆာန်တစ်ကောင်၏ တစ်နေ့တာ ကုန်ဆုံးခြင်းနှင့် ဘာမျှ မထူးပေ။ အအိပ်၊ အစား၊ အပျော်ပါးဖြင့်သာ အချိန်ကုန်ခြင်းသည် ချီးမွမ်းဖွယ် မဟုတ်ပေ။

လူနှင့်တူသောလူ (ပရမတ္ထမနုဿ) သည် အအိပ်၊ အစား၊ အပျော်ပါးဖြင့်သာ အချိန်မကုန်ပေ။ ကုသိုလ်၊ အကုသိုလ်တို့ကို ခွဲခြား သိမြင်ပြီး အကုသိုလ်ကို ရှောင်ကြဉ်ခြင်း၊ ကုသိုလ်ကို ကြိုးစားအားထုတ်ခြင်း၊ မိမိအတွက်. မိမိ မိသားစုအတွက်. မိမိ ဆွေမျိုးအတွက်. မိမိအမျိုးဘာသာ သာသနာအတွက် ကောင်းကျိုးရအောင် ဆောင်ရွက်ခြင်းဖြင့်သာ မိမိ၏ဘဝကို အကျိုးရှိရှိအသုံးချပေသည်။

ထိုကြောင့် လူကမွေးပြီး လူလာဖြစ်တိုင်း လူစစ်၊ လူမှန် (စစ်မှန်သောလူသား)ဟု မဆိုနိုင်ပေ။ ဆိုခဲ့ပြီးအတိုင်း အသိဉာဏ်၊ အလိမ္မာဉာဏ်နှင့် ကိုယ်ကျင့်သီလ စာရိတ္တကောင်းမှသာ လူစစ်

လူမှန်ဟု ခေါ်နိုင်ပေသည်။

ဤသို့သော လူစစ်လူမှန်ဘဝ ရဖို့ရန်ခဲယဉ်းခြင်းကို "မနုဿတ္တဘာဝဒုလ္လဘာ" ဟု ဆိုလိုပေသည်။

## လူ့ဘဝတန်ဖိုး

လူ့ဘဝတန်ဖိုးဟူသည် ရွှေငွေစသော ပစ္စည်းဥစ္စာ မဟုတ်၊ ရုပ်ရည်အဆင်းလှပ တင့်တယ်ခြင်းလည်းမဟုတ်၊ အတတ်ပညာ အသိပညာ များစွာရခြင်းလည်း မဟုတ်။

မိမိကိုယ်ကို လူလိုသိ၍ လူ့အကျင့် လူ့အသိများဖြင့် ပတ်ဝန်းကျင် အပေါ်ကို အကျိုးပြုနိုင်သော စွမ်းရည်မျိုးသည်သာ လူ့ဘဝတန်ဖိုးဟု ခေါ်ရပေသည်။

## ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသော စွမ်းရည်

ရခဲလှသော လူ့ဘဝတွင် တွေ့ခဲလှသော ဗုဒ္ဓသာသနာနှင့် တွေ့ကြုံကြရသော ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့် ဗုဒ္ဓဘာသာဝင်တို့တွင် အလွန်ထူးခြားသော စွမ်းရည်နှစ်မျိုးကို ရရှိနိုင်ပေသည်။ အခြားဘာသာဝင်တို့ မရနိုင်သော ထူးခြားသည့် စွမ်းရည် နှစ်မျိုးမှာ -

၁။ ကမ္မဿကတာသမ္မာဒိဋ္ဌိ - ဟူသော စွမ်းရည်နှင့်

၂။ ဝိပဿနာသမ္မာဒိဋ္ဌိ - ဟူသော စွမ်းရည်တို့ ဖြစ်ပေသည်။

မြင့်မြတ်သော လူသားဘဝ (မဟာလူသား)ဖြစ်လိုသော ပုဂ္ဂိုလ်များသည် ထိုစွမ်းရည်ကြီး နှစ်ရပ်ကိုရဖို့ လိုအပ်ပေသည်။

## ကမ္မဿကတာသမ္မာဒိဋ္ဌိ

လူသားသတ္တဝါများနှင့်တကွ ကမ္ဘာမြေကြီး၊ သစ်ပင်၊ တောတောင်၊ နေ၊ လ၊ နက္ခတ်တာရာတို့ကို အနန္တတန်ခိုးတော်သခင်က ဖန်ဆင်းထားသည်ဟူသော ဖန်ဆင်းရှင်ဝါဒ (ဣဿရနိမ္မာနဝါဒ)ကို ဗုဒ္ဓဘာသာဝင်တို့က လက်မခံပေ။ မိမိပြုခဲ့သောကံ (အလုပ်)အားလျော်စွာ ကောင်းကျိုး + ဆိုးပြစ် တို့ကို ခံစားနေကြရသည်။ ကောင်းသည့်ကံကို လုပ်ခဲ့လျှင် ကောင်းကျိုးကိုရမည်။ ကံသည်သာ မိမိဥစ္စာဖြစ်သည်။ ဤဘဝတွင် ကောင်းကံ၊ မကောင်းကံကိုပြုလျှင် နောင်တမလွန်၌ ကောင်းကျိုး၊ ဆိုးကျိုးတို့ကိုရမည်။ သို့ဖြစ်၍ မိမိကောင်းအောင် ကြိုးစားဖို့ မိမိတာဝန်သာဖြစ်သည်။ မိမိက မကောင်းတာတွေ လုပ်ခဲ့ပြီးကာမှ ကောင်းကျိုးရရန် တစ်စုံတစ်ယောက်ကို အားကိုးနေခြင်းမျိုး မရှိပေ။

ဤသို့ မိမိပြုသည့် ကံအားလျော်စွာ အကျိုးတရားတို့ကို ရရှိမည်ဟု ယုံကြည်သော အသိဉာဏ်ကို "ကမ္မဿကတာ သမ္မာဒိဋ္ဌိ" ဟု ခေါ်ပေသည်။

## ဝိပဿနာသမ္မာဒိဋ္ဌိ

မိမိခန္ဓာနှင့်တကွ သက်ရှိသက်မဲ့ အရာဝတ္ထု အားလုံးတို့

သည် အချိန်တန်သည့်အခါ ပျက်စီးကြရ၏။ ဖြစ်လာသမျှ အရာဝတ္ထုတို့သည် တစ်ချိန်တွင် ပျက်စီးကြရမြဲဖြစ်၏။ ဤသို့သော သဘောကို မြင်အောင် ရှုမြင်တတ်သည့်ဉာဏ်ကို "ဝိပဿနာဉာဏ်" ဟုခေါ်သည်။

သက်ရှိသတ္တဝါတို့၏ သန္တာန်၌ မျက်စိဖြင့် မြင်ကောင်းသော ရုပ်ခန္ဓာနှင့် မျက်စိဖြင့် မမြင်ကောင်းသော နာမ်ခန္ဓာဟု နှစ်မျိုးရှိသည်။

အပူအအေးစသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် ဖေါက်ပြန်တတ်သော သဘောသည် "ရုပ်"မည်၏။ လက်၊ ခြေ၊ ခေါင်းစသည်တို့သည် ထိုရုပ်တို့၏ အစုအဝေးပင် ဖြစ်သည်။

ထိုရုပ်ခန္ဓာကို စွဲမှီ၍ဖြစ်နေသော ခံစားခြင်း၊ မှတ်သားခြင်း၊ မှန်းတီးခြင်း၊ တပ်မက်ခြင်းစသော သဘောများသည် "နာမ်"မည်၏။

ထို ရုပ်တရား, နာမ်တရားတို့သည် စက္ကန့်မလပ် တရစပ်ဖြစ်ပြီး တရစပ်ချုပ်ပျက် လျက်ရှိကြသည်။ အသစ်ဖြစ်ပေါ်လာသော ရုပ်များသည် ပျက်ချိန်တန်သော အခါပျက်သွား၏။ ကြာရှည်စွာ မတည်ပေ။ ထို့အတူ စိတ်၊ စေတသိက် ဟူသော နာမ်တရားများသည်လည်း ဖြစ်ပြီး ပျက်လျက်ရှိကြ၏။ မျက်စိ တစ်မှိတ် လက်ဖျစ်တစ်တွက်အတွင်း ကုဋေချီပြီး ဖြစ် + ပျက် နေကြသည်ဟု ကျမ်းဂန်များ၌ ဖွင့်ဆို၏။

ဤသို့ မိမိသန္တာန်၌ ရှိနေသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ (ရုပ်၊

နာမ်)တို့၏ ဖြစ် + ပျက်ကို မြင်အောင် သတိ + ပညာ နှစ်မျိုးဖြင့် ရှုမှတ် နေခြင်းကို " ဝိပဿနာရှုသည် " ဟု ခေါ်သည်။

ထိုသို့ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ယောဂီသည် ရုပ်၊ နာမ်တို့၏ ဖြစ်ပျက် သဘောကိုသိမြင်ကာ ရုပ်တရားမှန်သမျှ မမြဲ၊ ဖြစ်ပြီး ပျက်တတ်သော တရားသာဟုလည်းကောင်း၊ နာမ်တရား မှန်သမျှ မမြဲ ဖြစ်ပြီး ပျက်တတ်သော တရားသာဟုလည်းကောင်း သိမြင်သော အသိဉာဏ်ကို " ဝိပဿနာသမ္မာဒိဋ္ဌိ " ဟုခေါ်သည်။

## အကျိုးတရား

ကမ္မဿကတာသမ္မာဒိဋ္ဌိ ဉာဏ်အမြင်ရှိသော ပုဂ္ဂိုလ်သည် အကုသိုလ်ကံကို စက်ဆုပ်ရွံမုန်း၍ အကုသိုလ်မဖြစ်အောင် ရှောင်ကြဉ်သည်။ ထိန်းကွပ်သည်။ ကုသိုလ်ကို ချစ်ခင်မြတ်နိုး၍ ကုသိုလ်ဖြစ်အောင် ကြိုးစားအားထုတ်သည်။

ဤသို့ အကုသိုလ်ကို ရှောင်ကြဉ်ပြီး ကုသိုလ်ကို ကြိုးစား အားထုတ်လာသော ပုဂ္ဂိုလ်သည် မိမိအတွက်လည်း ဘေးအန္တရာယ် ကင်း၍ ပတ်ဝန်းကျင်ကိုလည်း မည်သည့် အနှောင့်အယှက်မှ မပြုတတ်သောကြောင့် မိမိနှင့်ပတ်ဝန်းကျင်အပေါ် များစွာ အကျိုး ဖြစ်ထွန်းပေသည်။

ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်ရှိသော ပုဂ္ဂိုလ်သည် ရုပ်နာမ် သဘောကို သိမြင်ပြီးဖြစ်၍ မိမိ၏ခန္ဓာ၊ မိမိ၏ပစ္စည်းဥစ္စာနှင့် ပတ်ဝန်းကျင် အပေါ်၌ တပ်မက်စွဲလန်းမှုလောဘ၊ စိတ်ဆိုးပြစ်မှား

အလိုမကျမှု မုန်းတီးမှု ရန်ငြိုးဖွဲ့မှု ဒေါသ၊ မောက်မာခြင်း မာန၊ ဝန်တိုခြင်း ဣဿာ၊ နှမြောတွန့်တိုမှု မစ္ဆရိယ၊ ကုသိုလ်တရားတို့၌ ပျင်းရိမှု ထိန,မိဒ္ဓ - စသော အကုသိုလ်တရားဆိုးတို့ မဖြစ်တော့ဘဲ အလွန် ငြိမ်းချမ်းသာယာမှုကို ရရှိပေသည်။

ဤကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် ဝိပဿနာ သမ္မာဒိဋ္ဌိ နှစ်မျိုးလုံးရှိသော သူသည် ဘဝထဲ၌ ဖြစ်ရသေးလျှင် အထက်တန်းကျကျ ဘဝတို့၌သာဖြစ်ရ၍ ဘဝဒုက္ခတို့၏ ငြိမ်းရာ (အို + နာ + သေ ကင်းရာ) အမြိုက်နိဗ္ဗာန်ကိုလည်း မြန်မြန်ကြီး ရနိုင်ပေသည်။

ထို့ကြောင့် လူနှင့်တူသော လူဖြစ်ရန် သတိတရား၊ အသိတရား (သတိနှင့် ပညာ) တို့ကို ရှေ့သွားလက်ကိုင်ပြုကာ (ဝါ) ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် ဝိပဿနာသမ္မာဒိဋ္ဌိ ဦးစီးကာ တတ်စွမ်းသမျှ ဒါနပြုခြင်း၊ ကိုယ်ကျင့်သီလ ပြည့်ဝအောင် နေထိုင်ကျင့်သုံးခြင်း၊ ရပ်ရေးရွာရေး သာသနာရေးနှင့် အများချမ်းသာရေးတို့ကို ကြိုးစားဆောင်ရွက်ခြင်းအားဖြင့် လူ့ဘဝ၏ အနှစ်သာရကို ရရှိအောင် ကြိုးစားသင့်ပေသည်။

## အနှစ်သာရထုတ်ယူနည်း

လူသားတစ်ယောက်၏ ဘဝကို သရုပ်ခွဲကြည့်လျှင် ရုပ်၊ နာမ်၊ ပစ္စည်းဥစ္စာဟုသုံးမျိုး တွေ့နိုင်ပေသည်။ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာနှင့် သူပိုင်ဆိုင်သော ပစ္စည်းဥစ္စာသည် သူ၏ဘဝ ဖြစ်ပေသည်။

ထိုရုပ်၊ နာမ်၊ ပိုင်ဆိုင်ပစ္စည်းဟူသော ဘဝထဲမှအနှစ်သာရ ထုတ်ယူနည်းကို ဖော်ပြလိုပေသည်။

## ပစ္စည်းဥစ္စာထဲမှ အနှစ်ထုတ်ယူနည်း

* ပဥ္စန္နံ ဝေရာနံ သာဓာရဏဘာဝေန အသာရဿ ဓနဿ ဒါနံ သာရော။ (ပါဠိ)

* ပဥ္စန္နံ ဝေရာနံ - ရန်သူမျိုးငါးပါးတို့နှင့်။ သာဓာရဏ ဘာဝေန - ဆက်ဆံနေသည်၏ အဖြစ်ကြောင့်။ အသာရဿ - ကိုယ်ပိုင် အစစ် အနှစ်သာရဟု မဆိုရသေးသော။ ဓနဿ - ပစ္စည်းဥစ္စာ၏။ သာရော - ကိုယ်ပိုင်အစစ် အနှစ်သာရဟူသည်။ ဒါနံ - စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း ဒါနကုသိုလ် ပါပေတည်း။ (အနက်)

သူသူငါငါ ပိုင်ဆိုင်ကြသော ပစ္စည်းဥစ္စာများကား ရေဘေး၊ မီးဘေး၊ တရားပျက်သောမင်းဘေး၊ သူခိုးဓားပြဘေး၊ အမွေခံသားဆိုး, သမီးဆိုးဘေးဟူသော ရန်သူမျိုးငါးပါးတို့ကြောင့် အချိန်မရွေး ပျက်စီးတတ်၏။ ဤဘဝ ပိုင်ဆိုင်သည့် ရွှေ၊ ငွေ၊ ဘဏ္ဍာ ပစ္စည်း ဥစ္စာတို့ကို နောက်တမလွန်ဘဝသို့ ယူဆောင်၍လည်း မသွားနိုင်ပေ။ ထို့ပြင် ဤပစ္စည်းဥစ္စာတို့ကို တရားနည်းလမ်းတကျ အသုံးမပြုဘဲ မတော်မတရားနည်းလမ်းတို့ဖြင့် အသုံးပြုမိသော် လည်းကောင်း၊ ပစ္စည်းဥစ္စာကို အစွဲပြု၍ လောဘ၊ ဒေါသ၊ မာန်မာန နှင့် ကြသာ၊ မစ္ဆရိယစသောအကုသိုလ်တရားဆိုးများ အလွန်အကျွံ

ဖြစ်ခဲ့သော်လည်းကောင်း ဤဘဝတွင်လည်း ဒုက္ခရောက်၊ တမလွန် ဘဝတွင်လည်း အပါယ်လေးဘုံသို့ ဇောက်ထိုး ဆင်းသွားတတ်ပေသည်။ ထို့ကြောင့် ပစ္စည်းဥစ္စာကို ကိုယ်ပိုင်အစစ်ဟု မဆိုရသေးပေ။

## အနှစ်ထုတ်ပါ

ထိုသို့ ကိုယ်ပိုင်အစစ် အနှစ်သာရဟု မဆိုရသေးသော ပစ္စည်းဥစ္စာထဲမှ အနှစ်ထုတ်လိုလျှင် မိမိစွမ်းအားရှိသမျှ စွန့်ကြဲဝေငှ လှူဒါန်းခြင်း ဒါနကုသိုလ်ကို ပြုအပ်ပေသည်။

မိမိနှင့် မိမိ၏ မိသားစု ချမ်းသာအောင် အသုံးပြုခြင်း၊ ဆွေမျိုးများအား ထောက်ပံ့ခြင်း၊ မရှိနွမ်းပါးသူတို့အား ပေးကမ်းခြင်း၊ ရတနာသုံးပါး၊ မိဘဆရာသမား အနန္တောအနန္တငါးပါးတို့အား ပေးလှူပူဇော်ခြင်း၊ ဘာသာသာသနာနှင့် ပညာတိုးပွားရေး အတွက် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဟူသော ဒါနကုသိုလ်ကို ပြုနိုင်မှသာ ကိုယ်ပိုင်အစစ် အနှစ်သာရကို ရရှိသည်မည်၏။

စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကြောင့်လည်းကောင်း၊ စားသောက် သုံးစွဲပစ်ခြင်းကြောင့်လည်းကောင်း၊ ရန်သူမျိုး ငါးပါးတို့ကြောင့် ပျက်စီးဆုံးရှုံးခြင်းကြောင့်လည်းကောင်း ပစ္စည်းဥစ္စာများ ကုန်ခန်းတတ်သည်။ ထိုသုံးမျိုးတို့တွင် စွန့်ကြဲပေးကမ်းလှူဒါန်း၍ ကုန်ခြင်းမျိုးကိုသာ တရားသိမြင် ဘုရားရှင်တို့ အစဉ်မပြတ် ချီးမွမ်းတော်မူအပ်ပေသည်။

ထိုကြောင့် ပစ္စည်းဥစ္စာထဲမှ အနှစ်သာရ ထုတ်ယူလိုလျှင် စွမ်းအားရှိသမျှ ပေးကမ်းလှူဒါန်းခြင်း ဒါနကုသိုလ်ကို ပြုအပ်ပေသည်။

* ပစ္စည်းဥစ္စာ၊ ရတနာကား၊ ငါးဖြာဘေးရန်၊ နိပ်စက်ပြန်က၊ အမှန်မုချ၊ ပျက်စီးရ၊ သာရနှစ် မ.မည်၊
* ပစ္စည်းဥစ္စာ၊ ရတနာကို၊ ပညာကြီးကဲ၊ သဒ္ဓါရဲလျက်၊ စွန့်ကြဲဝေငှ၊ လှူဒါန်းမှ၊ ဒါနအနှစ်မည်၊
* ပစ္စည်းထဲမှ၊ မြွတ်ဒါန၊ ရအောင်ထုတ်ရမည်၊

( သပ္ပုရိသဒါနအင်္ဂါနှင့် ဒါနနှင့်စပ်ဆိုင်ရာ မှတ်ဖွယ်များကို နောက်တွင် ပြထားပါသည်။)

## ရုပ်ခန္ဓာထဲမှ အနှစ်ထုတ်နည်း

* ဗဟုရောဂသာဓာရဏဘာဝေန အသာရဿ သရီရဿ သီလဝန္တေသု အဘိဝါဒနာဒိကမ္မံ သာရော။ (ပါဠိ)

* ဗဟုရောဂသာဓာရဏဘာဝေန - ရောဂါပေါင်းစုံနှင့် ဆက်ဆံနေသည်၏ အဖြစ်ကြောင့်။ အသာရဿ - ကိုယ်ပိုင်အစစ် အနှစ်သာရဟု မဆိုရသေးသော။ သရီရဿ - ရုပ်ခန္ဓာကိုယ်ကြီး၏။ သာရော - အနှစ်သာရဟူသည်၊ သီလဝန္တေသု - သီလရှိသော ပုဂ္ဂိုလ်တို့၌။ အဘိဝါဒနာဒိကမ္မံ - ရှိခိုးကန်တော့ခြင်း၊ အမှုကြီးငယ်ကို ဆောင်ရွက်ပေးခြင်း စသော

အမှုပါပေတည်း။ ဝါ– ရှိခိုးခြင်း၊ အမှုကြီးငယ်ကို ဆောင်ရွက်ပေးခြင်းစသော သီလ ကုသိုလ်ပါပေတည်း။

## ရောဂါစုံစွာ ဤခန္ဓာ

ဤခန္ဓာကိုယ်ကြီးကား ရောဂါပေါင်းစုံတို့၏ တည်ရာဖြစ်၏။ အပုပ်အသိုး အညစ်အကြေးများကိုသိလှောင်ရာ မိလ္လာကန်ကြီးနှင့် တူ၏။ ရောဂါပိုး အမျိုးမျိုးတို့၏ တည်နေခိုအောင်းရာ ဌာနကြီးဖြစ်၏။ ဒုက္ခအမျိုးမျိုးတို့၏ စုဝေးရာ ဒုက္ခ ဂိုဒေါင်ကြီးဖြစ်၏။

ဤခန္ဓာကိုယ်ကြီး၏ ကျန်းမာနုပျိုစွာ အသက်ရှည်ရပ်တည်နိုင်ရေးအတွက် အစားအစာ ဆေးဝါးမျိုးစုံတို့ဖြင့် ပြုပြင်တည်ဆောက်နေကြရ၏။ ခန္ဓာကိုယ်၏ လိုအပ်ချက်ကို အချိန်ရှိသမျှ ဖြည့်ဆည်းပေးနေကြရ၏။

ခန္ဓာကိုယ်ကြီးက ပူလာ၊အိုက်လာသောအခါ အပူငြိမ်းအောင် အေးအောင် လုပ်ပေးကြရ၏။ ချမ်းအေးလာသောအခါ ပူနွေးအောင် လုပ်ပေးကြရပြန်၏။ ဆာလောင်မွတ်သိပ်လာသောအခါ အဆာပြေအောင် စားပေး၊ သောက်ပေးကြရ၏။ ညောင်းညာပင်ပန်းလာသောအခါ အညောင်းပြေအောင် လုပ်ပေးကြရ၏။ အနားယူကြရ၏။ အပန်းဖြေကြရ၏။

ဤသို့ အချိန်ရှိသမျှ နေ့ရှိသမျှ ခန္ဓာကိုယ်၏ အလိုကို လိုက်၍ ပြုပြင်ပါသော်လည်း ဤခန္ဓာကိုယ်သည် အစဉ်အမြဲ နုပျိုသည် မဟုတ်၊ ကျန်းမာသည်မဟုတ်၊ အိုချိန်တန်သောအခါ အိုရ၏။

နာချိန် တန်သောအခါ နာရပြန်၏။ သေချိန်တန်သောအခါ မသေချင်ဘဲနှင့် သေကြရ၏။ ခွဲချိန် (ကွဲချိန်)တန်သောအခါ ခွဲကြရ. ကွဲကြရ၏။

## အပုပ်အသိုး မစင်အိုး

ခန္ဓာကိုယ် လိုအပ်ချက်မှန်သမျှကို အချိန်တိုင်း လိုက်လံဖြည့်ပေးသော်လည်း ခန္ဓာကိုယ်မှ ပြန်ထွက်လာသော အရာဝတ္ထုအားလုံးကား ကျင်ကြီး၊ ကျင်ငယ်၊ နပ်၊ တံထွေး၊ သလိပ်၊ မျက်ရည်၊ မျက်ချေး၊ သွေး၊ ပြည် စသည်ဖြင့် ရွံဖွယ်.စက်ဆုပ်ဖွယ် များသာဖြစ်၏။

ထို့ကြောင့် ဤခန္ဓာကိုယ်ကြီးသည် အပုပ်အသိုး အမျိုးမျိုးတို့ကို သိုလှောင်ထားရာ အပုပ်အသိုးနှင့်တကွ ရွံဖွယ်ဝတ္ထုတို့ ပြည့်နှက်နေသော မိလ္လာကန်ကြီးသဖွယ်ဖြစ်၏။

## ရောဂါပေါင်းစုံ နာမျိုးစုံ

ခေါင်းကိုက်ခြင်း၊ ဗိုက်နာခြင်းစသော အသေးအမွှား ရောဂါမှအစ သေစေနိုင်သော ရောဂါဆိုးကြီးများအထိ အနာရောဂါ အမျိုးမျိုးသည် ဤခန္ဓာကိုယ်ကြီးကို စွဲမှီ၍ ဖြစ်နေကြရ၏။ ထို့ကြောင့် ဤခန္ဓာကိုယ်ကြီးသည် ရောဂါပေါင်းစုံတို့၏ တည်နေရာ ဖြစ်ပေသည်။

ဤသို့ ရောဂါပေါင်းစုံ၊ အညစ်အကြေးပေါင်းစုံတို့၏

တည်ရာ ဖြစ်နေသဖြင့် ဤခန္ဓာကိုယ်ကြီးကို ကိုယ်ပိုင်အစစ် အနှစ်သာရဟု မဆိုရပါပေ။

## အနှစ်ထုတ်ပါ

ဤသို့ ကိုယ်ပိုင်အစစ် မဟုတ်သေးသော ခန္ဓာကြီးထဲမှ ကိုယ်ပိုင်အစစ် အနှစ်သာရကို ထုတ်ယူလိုသော ပုဂ္ဂိုလ်သည် ခန္ဓာကိုယ်နှင့်စပ်သော ကုသိုလ်တို့ကို ရအောင် ယူရပေမည်။ (ဝါ) သီလကုသိုလ်ကို ရအောင်ယူရပေမည်။

## သီလနှစ်မျိုး

သီလ - သည် ၁။ ဝါရိတ္တသီလ. ၂။ စာရိတ္တသီလ ဟု နှစ်မျိုးရှိသည်။ ဝါရိတ္တသီလ - ဟူသည် ရှောင်ကြဉ်သင့်သည့် အမှုကိစ္စတို့ကို ရှောင်ကြဉ်သောအားဖြင့် ဖြည့်ကျင့်ရမည့် သီလဖြစ်သည်။

ဥပမာ - ပါဏာတိပါတ - သူ့အသက်သတ်ခြင်း၊ အဒိန္နာဒါန - သူ့ဥစ္စာခိုးခြင်း၊ ကာမေသုမိစ္ဆာစာရ - သူ့သားမယား ပြစ်မှားကျူးလွန်ခြင်း၊ မုသာဝါဒ - လိမ်လည် ပြောဆိုခြင်း၊ သုရာမေရယမဇ္ဇပါန - သေရည်အရက် မူးယစ်ဆေးဝါးတို့ကို သောက်စားမှီဝဲခြင်း၊ ပိသုဏဝါစာ - ချောပစ်ကုန်းတိုက် သွေးခွဲခြင်း၊ ဖရုသဝါစာ - နားမခံသာ စိတ်မချမ်းသာသော ကြမ်းတမ်းသော စကားကို ပြောဆိုခြင်း၊ သမ္ဖပ္ပလာပ - အကျိုးမရှိသောစကား. သူတစ်ပါးတို့အသိဉာဏ် ထိုင်းမှိုင်းစေ၍ မကောင်းမှု ပြုစေတတ်သည့် စကား

တို့ကို ပြောဆိုခြင်း၊ အဘိဇ္ဈာ - သူတစ်ပါး ပစ္စည်းဥစ္စာကို မတရား လိုချင်ခြင်း၊ ဗျာပါဒ - သူတစ်ပါးတို့ကို ပျက်စီးစေလိုသော စိတ်ရှိ ခြင်း၊ မိစ္ဆာဒိဋ္ဌိ - တမလွန် လောကမရှိ၊ နတ်ပြည်. ငရဲပြည်မရှိ၊ မိဘကို ကျေးဇူးတင်စရာမလို စသည်ဖြင့် မှားယွင်းသော အယူ. အမြင်ရှိခြင်းတို့သည် ရှောင်ကြဉ်ကြရမည့် ဒုစရိုက် အကုသိုလ် များဖြစ်၍ ယင်းတို့ကို မပြုမလုပ် မပြောဆို မကြံစည်ဘဲ ရှောင်ကြဉ် ခြင်းကို " ဝါရိတ္တသီလ " ဟု ခေါ်သည်။

ထို့ပြင် - အသင်းအဖွဲ့အသီးသီး၊ ကျောင်း၊ ကျောင်းတိုက် အသီးသီးတို့က မပြုလုပ်ရဟု တားမြစ်ထားသော စည်းမျဉ်း စည်း ကမ်းများ၊ နိုင်ငံတော်အစိုးရက မပြုလုပ်ရဟု ပြဌာန်း သတ်မှတ်ထား သော ဥပဒေများ၊ အမိန့်များ၊ စည်းကမ်းများသည်လည်း ဝါရိတ္တ သီလပင်ဖြစ်သည်။

စာရိတ္တသီလ - ဟူသည် လိုက်နာကျင့်သုံးသောအားဖြင့် ဖြည့်ကျင့် ရမည့် သီလဖြစ်သည်။

ဥပမာ - မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ်၊ ရဟန်းကျင့်ဝတ်၊ ဒကာကျင့် ဝတ် စသောလူမှုကျင့်ဝတ်များ၊ ကျောင်းအသီးသီး. အသင်းအဖွဲ့ အသီးသီးက ပြဌာန်းသတ်မှတ်ထားသည့် လိုက်နာရန် ကျင့်ဝတ် စည်းကမ်းများ၊ နိုင်ငံတော်အစိုးရက သတ်မှတ် ပြဌာန်းထားသည့် လိုက်နာရမည့် ကျင့်ဝတ် စည်းကမ်းများတည်း။

အချုပ်အားဖြင့် - မပြုလုပ်ရဟု သတ်မှတ်ပြဌာန်းထားသော ဝိနည်း စည်းကမ်းများနှင့် လောကကျင့်ဝတ် စည်းကမ်းများကို "ဝါရိတ္တသီလ" ဟုခေါ်၍ လိုက်နာရန် သတ်မှတ်ပြဌာန်းထားသော ဝိနည်းစည်းကမ်းနှင့် လောကကျင့်ဝတ် စည်းကမ်းများကို **"စာရိတ္တ သီလ"** ဟုခေါ်သည်။

ရှောင်ကြဉ်သင့်သော ဝါရိတ္တသီလများကို ရှောင်ကြဉ်ခြင်း၊ လိုက်နာဖြည့်ကျင့်သင့်သော စာရိတ္တသီလများကို လိုက်နာကျင့်သုံးခြင်းကို သီလဖြည့်ကျင့်သည်၊ သီလစောင့်သည်ဟုခေါ်သည်။

ဤသို့ ရှောင်သင့်သည်ကိုရှောင်ခြင်း၊ လိုက်နာသင့်သည်များကို လိုက်နာခြင်းတို့ကိုသာ သီလ - ဟုခေါ်သည် မဟုတ်သေး။ မိမိထက် အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ကို ရှိခိုးခြင်း၊ ကန်တော့ခြင်း၊ ထိုပုဂ္ဂိုလ်တို့၏ အမှုကိစ္စတို့ကို ဆောင်ရွက်ပြုစုခြင်း၊ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတို့ကို အရိုအသေပေးခြင်းတို့ကိုလည်း သီလဟုပင် ခေါ်သည်။

သည်သာမကသေး - အများချမ်းသာစေကြောင်း အလုပ်တို့ကိုလုပ်ခြင်း၊ ရပ်ရေးရွာရေး, သာသနာရေးတို့ကို ဆောင်ရွက်ခြင်း၊ အမျိုးဘာသာ သာသနာကြီးပွားရေးတို့ကို ပြုလုပ်ခြင်းတို့သည်လည်း သီလကုသိုလ်များပင် ဖြစ်ပေသည်။

ထို့ကြောင့် မိမိ၏ခန္ဓာကိုယ် (ရုပ်ခန္ဓာ) ကိုထိုက်ခဲ့သို့ ကုသိုလ်ရနိုင်သည့် အလုပ်ကိစ္စတို့၌ အသုံးချခြင်းကို **"ခန္ဓာကိုယ်မှ**

အနှစ်ထုံးဝါး ဖြတ်တရား

အနှစ်ထုတ်ယူခြင်း" ဟု ဆိုရပေသည်။

* အနှစ်မပါ၊ ဤခန္ဓာ၊ ရောဂါပေါင်းစုံတည်း၊
* နေ့နေ့ညည၊ ပြုပြင်ရ၊ ဒုက္ခများလှသည်း၊
* ပြုပြင်ပါလျက်၊ နှစ်မထွက်၊ ယိုထွက်ပုပ်နံ့ညှီ၊
* ပုပ်သိုးညှီနံ၊ မိလ္လာကန်၊ သဏ္ဍာန်တူလှသည်း၊
* အနှစ်သာရ၊ ထုတ်လိုက၊ သီလကျင့်ဆောင်တည်း၊

## နာမ်ခန္ဓာ(အသက်)ထဲမှ အနှစ်ထုတ်နည်း

* အနိစ္စာဒိ အဘိဘူတဘာဝေန အသာရဿ ဇီဝိတဿ အနိစ္စာဒိဘာဝေန ဝိပဿနာယောဂေါ သာရော။ (ပါဠိ)

အနိစ္စာဒိအဘိဘူတဘာဝေန - မမြဲခြင်း, ဆင်းရဲခြင်း စသည်တို့သည် နှိပ်စက်အပ်သည် အဖြစ်ကြောင့်။ အသာရဿ - ကိုယ်ပိုင်အစစ် အနှစ်သာရဟု မဆိုရသေးသော။ ဇီဝိတဿ - အသက်၏(ဝါ)နာမ်ခန္ဓာ၏။ သာရော - အနှစ်သာရဟူသည်။ အနိစ္စာဒိဘာဝေန - အနိစ္စစသည်တို့၏အဖြစ်ဖြင့်။ ဝိပဿနာယောဂေါ - ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းခြင်း ဖြစ်ပါပေ၏။ (အနက်)

ဇီဝိတကို "အသက်" ဟု ဘာသာပြန်ကြ၏။ ဤ၌ ဇီဝိတအရ (အသက်ဟူသော ဇီဝိတိန္ဒြေစေတသိက်နှင့်တကွ) နာမ်တရား အားလုံး (စိတ်၊ စေတသိက်အားလုံး) ကိုယူရမည်။

## မမြဲသောတရား

ထို စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့၏ ဖြစ်ရာ ကာလသည် ဥပါဒ်၊ဌီ၊ဘင်ဟု ခဏငယ်သုံးပါးရှိ၏။ စတင် ဖြစ်ပေါ် လာရာ ခဏကို ဥပါဒ်။ ဖြစ်ပြီး မပျက်မီ တည်နေရာ ကာလကို ဌီ၊ ပျက်ရာကာလကို ဘင်ဟုခေါ်၏။ ထို ဥပါဒ်၊ ဌီ၊ ဘင်ဟူသော ခဏ ငယ်သုံးချက် (ခဏကြီးအားဖြင့် တစ်ချက်)သည် စက္ကန့်မျှပင်မကြာ၊ စက္ကန့်၏အပုံတစ်သောင်းတွင် တစ်ပုံလောက်ပင် ကြာမည် မဟုတ် ပေ။ အဘယ့်ကြောင့်ဆိုသော် မျက်တောင် တစ်ခတ်အတွင်း၌ပင် စိတ်၊ စေတသိက်တို့ ကုဋေချီပြီး ဖြစ်ပျက်ကြသည်ဟု ကျမ်းဂန်တို့၌ ဆိုသောကြောင့် ဖြစ်ပေသည်။

ရှေ့စိတ်နှင့် နောက်စိတ်တို့ အစဉ်အဆက် ဖြစ်နေရာ၌ ရှေ့စိတ်ချုပ်လျှင် နောက်စိတ် ဆက်ဖြစ်သည်။ မျက်တောင် တစ်ခတ် အတွင်းမှာပင် စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့ ကုဋေချီပြီး ပျက်စီးနေရကား စိတ်,စေတသိက် တရားမှန်သမျှ မမြဲသော အနိစ္စတရားတို့သာ ဖြစ်သည်။ မမြဲသောတရား ပျက်သောတရားမှန်သမျှ ချမ်းသာသည်ဟု မဆိုနိုင်၊ ဆင်းရဲ ဒုက္ခသာဖြစ်၏။ အလိုမလိုက် အကြိုက်မပါသော အနတ္တတရား တို့သာဖြစ်၏။

ဤသို့ မမြဲခြင်း၊ ဆင်းရဲခြင်း၊ အလိုအတိုင်း မဖြစ်ခြင်းကြောင့် ထို စိတ်,စေတသိက်ဟူသော နာမ်တရားတို့သည် အနှစ်သာရ

ရှိသည်ဟု မဆိုရပေ။

## အနှစ်သာရ ရအောင်ထုတ်ပါ

ထို အနှစ်သာရမရှိသော အသက် (စိတ်၊ စေတသိက်၊ နာမ်ခန္ဓာ) ထဲမှ အနှစ်သာရကို ထုတ်လိုလျှင် ထိုမမြဲသောတရားကို မမြဲဟု ဉာဏ်၌ ထင်ထင်ရှားရှား သိမြင်လာအောင် ရှု့ပွားခြင်း ဝိပဿနာ ဘာဝနာလုပ်ငန်းကို ကြိုးပမ်းအားထုတ်ရပေမည်။

နာမ်ခန္ဓာ(အသက်)၏ အနိစ္စသဘောကို အနိစ္စမှန်းသိအောင်၊ ဒုက္ခကို ဒုက္ခမှန်း သိအောင်၊ အနတ္တကို အနတ္တမှန်းသိအောင် ရှု့ပွားခြင်းကို ဝိပဿနာတရား အားထုတ်သည်ဟု ခေါ်သည်။

ထို့ကြောင့် နာမ်ခန္ဓာ(အသက်)ထဲမှ အနှစ်သာရ ထုတ်ယူလိုသော ပုဂ္ဂိုလ်သည် ဝိပဿနာဘာဝနာ တရားကို ကြိုးစားအားထုတ်ရမည် ဖြစ်ပေသည်။

ဤသို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ထင်အောင် (ဝါ) ဖြစ်+ပျက် မြင်အောင် ရှု့ပွားနိုင်မှသာ ကိုယ်ပိုင်အစစ် အနှစ်သာရကို ထုတ်ယူသည်ဟု ဆိုနိုင်ပေသည်။

* စိတ်‌‌‌‌.စေနှစ်ဖြာ၊ နာမ်ခန္ဓာ၊ လျင်စွာ ဖြစ်ပျက်သည်၊
* တစ်စက္ကန့်ဆီ၊ ကုဋေချီ၊ ဖြစ်+တည်+ပျက်ကြသည်၊
* ဖြစ်+ပျက် မြင်အောင်၊ သတိဆောင်၊ ဉာဏ်ဆောင် ရှု့ရမည်၊
* ဖြစ်+ပျက်မြင်မှ၊ နှစ်သာရ၊ မုချရသည်မည်၊

# အပိုင်း (၂)

ပစ္စည်းဥစ္စာ ရုပ်ခန္ဓာနှင့် နာမ်ခန္ဓာဟူသော အသက်ထဲမှ အနှစ်သာရထုတ်ယူပုံကို ပြပြီးနောက် ဒါနပြုနည်း၊ သီလဆောက်တည်နည်း၊ ဘာဝနာပွားနည်းတို့ကို အကျဉ်းချုပ်၍ ဖော်ပြပါမည်။

## သပ္ပုရိသဒါန (သူတော်ကောင်းတို့၏ လှူနည်း)

မိမိပြုအပ်သော ဒါနကုသိုလ် ဖွံ့ဖွံ့ထွားထွား အကျိုးပေးရန် သပ္ပုရိသဒါန အင်္ဂါများနှင့် ညီညွတ်အောင် လှူဖို့ လိုအပ်ပေသည်။

ဘုရားအစရှိသော သူတော်ကောင်းတို့ ချီးမွမ်းအပ်သော လှူပုံ.လှူနည်းကို "သပ္ပုရိသဒါန"ဟု ခေါ်၏။ တစ်နည်းအားဖြင့် ဘုရားအလောင်းအစရှိသော သူတော်ကောင်းတို့၏ လှူပုံ.လှူနည်းကို "သပ္ပုရိသဒါန"ဟု ခေါ်၏။

သူတော်ကောင်းများသည် ပစ္စည်းဝတ္ထု တစ်စုံတစ်ရာကို လှူဒါန်းသောအခါ တော်စွာလျော်စွာ အပြီးစလွယ် လှူဒါန်းလေ့မရှိကြချေ။ ဖော်ပြလတ္တံ့ပါ သပ္ပုရိသအင်္ဂါနှင့် ညီညွတ်စွာ လှူဒါန်းလေ့ရှိကြ၏။

## သပ္ပုရိသဒါနအင်္ဂါ

၁။ သက္ကစ္စဒါန = လှူဖွယ်ဝတ္ထုကို သန့်ရှင်းစင်ကြယ်အောင် ပြု၍ လှူခြင်း။

၂။ စိတ္တီကတဒါန = အလှူခံ ပုဂ္ဂိုလ်၌ ရှိသေလေးစားသော စိတ်၊ ပူဇော်လိုသော စိတ်ဖြင့် ပေးလှူခြင်း။

၃။ သဟတ္ထ (သာဟတ္ထိက) ဒါန = ကိုယ်တိုင်ကိုယ်ကျ (မိမိ လက်ဖြင့်) ပေးလှူခြင်း။

၄။ အနပဝိဒ္ဓဒါန = မကြာမကြာ (မပြတ်တမ်း) ပေးလှူခြင်း။ (တစ်နည်း) မိမိအတွက် အသုံးမကျ၍ စွန့်ပစ်လိုသော သဘောဖြင့် ပေးလှူခြင်းမဟုတ်ဘဲ စေတနာ၊ သဒ္ဓါထက် သန်စွာဖြင့် လှူဒါန်းခြင်း။

၅။ အာဂမနဒိဋ္ဌိကဒါန = ဒါန၏ အကျိုးတရားကို ရရှိလိမ့်မည် ဟူသော ယုံကြည်ချက်ဖြင့် ပေးလှူခြင်း။

* လှူဘွယ်သန့်ရှင်း၊ ရိုသေခြင်း၊ ဆောင်နှင်းကိုယ်တိုင်သာ၊
* မပြတ်လှူဒါန်း၊ ကျိုးမျှော်မှန်း၊ ငါးခန်းလှူအင်္ဂါ။
* သူတော်ကောင်းမှု၊ ရအောင်ယူ၊ ပေးလှူမြတ်ဒါနာ။

## နောက်တစ်မျိုး

၁။ သဒ္ဓါဒါန = ဒါနကုသိုလ်နှင့် ထိုကုသိုလ်၏ အကျိုးကို ယုံကြည်၍ လှူဒါန်းခြင်း။

၂။ သက္ကစ္စဒါန = လှူဖွယ်ဝတ္ထုကို သန့်ရှင်းသပ်ယပ်အောင်၊ လှပအောင် ပြင်ဆင်၍ လှူဒါန်းခြင်း။

၃။ ကာလဒါန = အချိန်အခါ အားလျော်စွာ လှူဒါန်းခြင်း။
(ဧည့်သည်၊ ခရီးသွား၊ မကျန်းမာသူတို့အား လှူဒါန်းခြင်း၊ အစာရေစာရှားပါးသောအခါ၌ လှူဒါန်းခြင်း၊ ပေါ်ဦးပေါ်ဖျား ပစ္စည်းဝတ္ထုများကို လှူဒါန်းခြင်းဟု ကာလဒါန ငါးမျိုးရှိသည်။)

၄။ အနဂ္ဂဟိတဒါန = မိမိ လှူဒါန်းအပ်သည့် ပစ္စည်းဝတ္ထုအပေါ် နှမြောတပ်မက်မှု မရှိဘဲ လွတ်လွတ်စွန့်ကြဲ လှူဒါန်းခြင်း။
အလှူခံ ပုဂ္ဂိုလ်ထံက တစ်စုံတစ်ရာ အကျိုးပြုမှုနှင့် ပစ္စည်းပစ္စယကို မျှော်ကိုး၍ လှူဒါန်းခြင်း၊ ကုသိုလ်ကိုမျှော်၍ လှူဒါန်ခြင်းမျိုးမဟုတ်ပဲ စေတနာသဒ္ဓါ ထက်သန်စွာဖြင့် လွတ်လွတ်စွန့်ကြဲ လှူဒါန်းခြင်း။

၅။ အနုပဟစ္စဒါန = မိမိသူတစ်ပါး နှစ်ဦးသားတို့ကို မထိခိုက်စေဘဲ လှူဒါန်းခြင်း။
( ကြက်၊ ဝက် စသည် သတ်ဖြတ်၍ လှူဒါန်းခြင်း၊တိုက်ခိုက်လုယက် ခိုးဝှက်၍ လှူဒါန်းခြင်း၊ အနိုင်အထက်ပြု၍ လှူဒါန်းခြင်း၊ဂုဏ်တုဂုဏ်ပြိုင်လုပ်၍ လှူဒါန်းခြင်း၊သူ့အလှူကို ကဲ့ရဲ့ပြီး ကိုယ့်အလှူကို ဂုဏ်တင်ပြောဆိုခြင်းတို့သည် ဤအနုပဟစ္စဒါန၏ ဆန့်ကျင်ဘက်ဖြစ်သည်။)

* ယုံကြည်သဒ္ဓါ၊ သန့်ရှင်းစွာ၊ ချိန်ခါသိ၍လှူ၊
* နမြောကင်းကြား၊ မထိပါး၊ ဘုရားမိန့်တော်မူ၊
* သပ္ပုရိသ၊ မြတ်ဒါန၊ မှတ်ကြများရှင်လူ၊

ဤဆယ်ပါးကို ဆန့်ကျင်ဘက်ပြု၍ - မရိုမသေ မသန့်မရှင်း လှူဒါန်းခြင်း၊ ကိုယ်တိုင်ကိုယ်ကျ မလှူဘဲ သူတစ်ပါးတို့ကိုစေခိုင်း၍ လှူဒါန်းခြင်း၊ မိမိအတွက်အသုံးမကျ၍ စွန့်ပစ်လိုသော သဘောဖြင့် လှူဒါန်းခြင်း - စသည်တို့သည် လူမိုက်လူညံ့တို့၏ လှူဒါန်းနည်း ဖြစ်၍ "အသပ္ပုရိသဒါန" ဟု ခေါ်သည်။

မိမိပြုသောဒါန အင်အားကောင်းကောင်းဖြင့် အကျိုးပေးစေလိုလျှင် ဖော်ပြအပ်ပြီးသော သပ္ပုရိသဒါန အင်္ဂါများနှင့် ညီညွတ်အောင် လှူဒါန်းသင့်ပေသည်။ လှူဒါန်းကြပါကုန်။

## ဒါနပြုပုံသုံးမျိုး

ပေးလှူစွန့်ကြဲရာ၌ မိမိက ကောင်းတာကို စားသုံးပြီး အညံ့ကို သူတစ်ပါးတို့အား လှူဒါန်း၏။ ထိုပုဂ္ဂိုလ်မျိုးကို "ဒါနဒါသ" ဟု ခေါ်၏။ တဏှာ၏ ကျွန်အဖြစ်မှ မလွတ်သော အလှူရှင်မည်၏။ အချို့ ပုဂ္ဂိုလ်တို့သည် မိမိစားသလို မိမိသုံးသလို အလှူခံပုဂ္ဂိုလ်တို့အား တန်းတူရည်တူ လှူဒါန်းကြ၏။ ယင်းပုဂ္ဂိုလ်မျိုးကို "ဒါနသဟာယ" ဟု ခေါ်၏။ (ဒါနဝတ္ထုအရာဝယ် မိမိနှင့်အလှူခံ ပုဂ္ဂိုလ်ကိုတန်းတူရည်တူ ထားသောကြောင့် ဒါနသဟာယ = သူငယ်ချင်းနှင့် တူသော ဒါနရှင် ဟု ခေါ်သည်။)

အချို့ပုဂ္ဂိုလ်တို့သည် မိမိကအညံ့ကို စားသုံး၍ သူတစ်ပါးတို့အား အကောင်းကို ပေးလှူ၏။ ထိုပုဂ္ဂိုလ်မျိုးသည် " ဒါနပတိ " မည်၏။ တဏှာကို နှိမ်နင်းလွှမ်းမိုး ပယ်ချိုးသတ်ဖြတ်နိုင်သော အလှူရှင် မည်၏။

## အကျိုးပေးကွာခြား

ဤဒါနရှင်သုံးမျိုးတို့သည် စိတ်ထားကွာခြားကြသည့် အားလျော်စွာ အကျိုးပေးလည်း ကွာခြားသည်။ ဤသုံးမျိုးတို့တွင် ဒါနပတိမည်သော ကုသိုလ်ရှင်သည် ထိပ်တန်း အကောင်းစား အကျိုးပေး၍ ဒါနသဟာယကုသိုလ်ရှင်သည် အလတ်စား အကျိုးပေးသည်။ ဒါနဒါသကုသိုလ်ရှင်ကား အညံ့ဆုံးသော အကျိုးကို ပေးသည်။

ထို့ကြောင့် ထူးခြားထက်မြက်သော အကျိုးကို လိုလားတောင့်တသော ပုဂ္ဂိုလ်တို့သည် ဒါနပတိ - ကုသိုလ်ရှင်မျိုး ဖြစ်အောင် ကြိုးစားသင့်ပေသည်။

## နှစ်သက်ဖွယ်ကိုလှူလျှင် နှစ်သက်ဖွယ်အကျိုးကိုရ၏

ဘုရားရှင်လက်ထက်က ဝေသာလီမြို့သား ဥဂ္ဂသူကြွယ်အိမ်သို့ ဆွမ်းစားကြွရာ ဥဂ္ဂသူကြွယ်က "မြတ်စွာဘုရား နှစ်သက်မြတ်နိုးဖွယ်ကို လှူသောသူသည် နှစ်သက်မြတ်နိုးဖွယ် အကျိုးကို ရသည်" ဟု တပည့်တော် ရှင်တော်ဘုရား၏ ထံမှောက်၌ နာကြား

ဖူးပါသည်။ "တပည့်တော်၏ စေတနာမှုဖြင့် ရောချက်ထားအပ်သော သလေးမုန့်၊ ဇီးသီးနှင့် ရောချက်ထားသော ဝက်သားဟင်း၊ ကန်စွန်းရွက် ဆီပြန်ကြော်၊ နူးညံ့ပျော့ပြောင်းသော သလေးဆွမ်း၊ ကာသိတိုင်းဖြစ် သင်္ကန်းလျာအဝတ်၊ အဖိုးသိန်းကျော် ထိုက်တန်သော စန္ဒကူးအင်းပျဉ် (ထိုင်ခုံ၊ကုဋင်)တို့သည် အလွန်နှစ်သက်ဖွယ် ကောင်းပါသည်။ ထိုဆွမ်းဟင်း၊ ဆွမ်း၊ သင်္ကန်း၊ ကုဋင်တို့ကို အလှူခံတော်မူပါဘုရား" ဟု လျှောက်ထားပြီး လှူသည်။ မြတ်စွာဘုရားက အလှူခံယူတော်မူပြီး - -

"အကြင်သူသည် ဖြောင့်မတ်ကောင်းမွန်စွာ ကျင့်ကြံအားထုတ်တော်မူကြသော ပုဂ္ဂိုလ်တို့အား နှစ်သက်မြတ်နိုးဖွယ် အလှူဝတ္ထုတို့ကို မိမိ၏ စိတ်ဆန္ဒဖြင့် လွတ်လွတ်စွန့် ကြဲပေးလှူ၏။ ထိုပုဂ္ဂိုလ်သည် နှစ်သက်ဖွယ် မြတ်နိုးဖွယ် အကျိုးတရားတို့ကို ရပေမည်" ဟု အနုမောဒနာတရား ဟောကြားပြီး ပြန်ကြွတော်မူ၏။

## ပြဟ္မာဘုံသို့ရောက်

ဥဂ္ဂသူကြွယ်သည် ဈာန်ရအနာဂါမ် အရိယာပုဂ္ဂိုလ်ဖြစ်၍ ကွယ်လွန်သောအခါ သုဒ္ဓါဝါသပြဟ္မာဘုံ၌ ဖြစ်သည်။ မိမိနှစ်သက်သော ကောင်းကျိုးအမျိုးမျိုးကိုရသော ဥဂ္ဂသူကြွယ်သည် တစ်ခုသော ညသန်းခေါင်းယံအချိန် ဘုရားရှင်ထံလာရောက်ပြီး ရှိခိုးကန်တော့ရာ ဘုရားရှင်က "ဥဂ္ဂ သင့်ဆန္ဒပြည့်ရဲ့လား" ဟု မေးတော်မူ၏။ ဥဂ္ဂပြဟ္မာက "ဆန္ဒပြည့်ပါကြောင်း" လျှောက်ထားရာ ဘုရားက -

"မနာပဒါယီ လဘတေ မနာပံ။
အဂ္ဂဿ ဒါတာ လဘတေ ပုနဂ္ဂံ။
ဝရဿ ဒါတာ ဝရလာဘီ ဟောတိ၊
သေဋ္ဌံ ဒဒေါ သေဋ္ဌမုပေတိ ဌာနံ။"

"နှစ်သက်ဖွယ်ကို ပေးလှူသူသည် နှစ်သက်ဖွယ် အကျိုးကိုရ၏။ မြင့်မြတ်ကောင်းမွန်သည်ကို လှူဒါန်းသောသူသည် မြင့်မြတ်သော အကျိုးကို ရ၏။ အလှူခံပုဂ္ဂိုလ် လိုလားအပ် တောင့်တအပ်သော အလှူကို ပေးလှူသော ပုဂ္ဂိုလ်သည် မိမိလိုလားအပ် တောင့်တအပ်သော အကျိုးကိုရ၏။ မြင့်မြတ်သောအလှူကို ပေးလှူသော ပုဂ္ဂိုလ်သည် မြင့်မြတ်သော ဘုံဌာနသို့ ရောက်ရ၏။" စသည်ဖြင့် မိန့်ကြားတော်မူသည်။

## သီလဆောက်တည်ရကျိုး

သီလသည် ရဟန်းသာမဏေတို့ စောင့်ထိန်းရသည့် သီလ၊ လူဝတ်ကြောင် ဒကာ, ဒကာမများ စောင့်ထိန်းရသည့် သီလ ဟု နှစ်မျိုးရှိရာ ဤ၌ ဒကာ,ဒကာမများ စောင့်ထိန်းရမည့် သီလနှင့် စပ်၍ အနည်းငယ်မျှ ရေးသားလိုပေသည်။

## အကျိုးသိမြင်ပါစေ

လူတို့ စောင့်ထိန်းရသည့်သီလမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ ဟူ၍ လေးမျိုး ရှိသည်။

သီလ၏ အကျိုး၊ သီလပျက်ခြင်း၏ အပြစ်တို့ကို ခွဲခြား သိမြင်သော ပုဂ္ဂိုလ်သည်သာ သီလတန်ဖိုးကို သိမည်ဖြစ်၍ ငါးပါး သီလပျက်ခြင်း၏ အပြစ်ကို ဖော်ပြပါမည်။

## ငါးပါးသီလပျက်ခြင်း၏အပြစ်

၁။ ပါဏာတိပါတ = သူတစ်ပါးအသက် သတ်သူသည် ကိုယ်လက် အင်္ဂါ ချို့တဲ့ခြင်း၊ ရုပ်ရေ အဆင်းမလှပခြင်း၊ အားအင်နည်းပါး ရောဂါများ၍ အသက်တိုခြင်းစသော ဆိုးကျိုးများ ခံစားရသည်။

၂။ အဒိန္နာဒါန = သူတစ်ပါးတို့၏ ပစ္စည်းဥစ္စာ ခိုးခဲ့သော ပုဂ္ဂိုလ်တို့သည် ဆင်းရဲမွဲတေခြင်း။ မိမိပိုင် ပစ္စည်းများ ရေ,မီး စသော အန္တရာယ်ကြောင့် ပျက်စီး ဆုံးရှုံးခြင်းဟူသော ဆိုးကျိုးများ ရတတ်ပေသည်။

၃။ ကာမေသုမိစ္ဆာစာရ = သူတစ်ပါးတို့၏သားမယားပြစ်မှားကျူးလွန်သူတို့သည် ရောဂါများခြင်း၊ ရန်သူ အနှောင့်အယှက်များခြင်း၊ အမျိုးယုတ်၌ ဖြစ်ရခြင်း၊ ကိုယ်လက်ခြေအင်္ဂါ ချွတ်ယွင်းတတ်ခြင်း၊ မိန်းမဘဝ, ပဏ္ဍုက်(မိန်းမ

လျှာ) ဘဝ၌ အထပ်ထပ် အခါခါ ဖြစ်
ရခြင်းစသော အကျိုးများရတတ်သည်။

၄။ မုသာဝါဒ = လိမ်ညာပြောဆိုသူတို့သည် စကားမပီ
သွားမညီဘဲ ပါးစပ်မှ အပုပ်နံ့ထွက်ခြင်း၊
ဩဇာအာဏာ မရှိခြင်း၊ ပါးစပ်ရွဲ့နှုတ်ခမ်း
ပဲ့ခြင်းစသော ဆိုးကျိုးများရတတ်သည်။

၅။ သုရာမေရယမဇ္ဇပါန = သေရည်အရက် မူးယစ်ဆေးဝါး စားသုံး
မှီဝဲသူတို့သည် ခိုက်ရန်ဒေါသ ဖြစ်တတ်
ခြင်း၊ အရက် အကြောက်ကင်း၍ လူ့
ဣန္ဒြေ လူ့သိက္ခာပျက်ယွင်းခြင်း၊ ရောဂါ
ပေါင်းစုံဖြစ်တတ်ခြင်း၊ ဘဝတိုင်းဘဝတိုင်း
အထိုင်းအအ. အရူးအနှမ်းဖြစ်တတ်ခြင်း
စသော ဆိုးကျိုးများ ရတတ်ပေသည်။

## ငါးပါးသီလ လုံခြုံရခြင်းအကျိုး

ကိုယ်ကျင့်သီလ ပြည့်ဝသော ပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်လည်း စိတ်ချမ်းသာ၏။ ဘေးပတ်ဝန်းကျင် ပုဂ္ဂိုလ်တို့အား ဘေးအန္တရာယ် မပြုတတ်သဖြင့် ပတ်ဝန်းကျင်ကို သာယာအေးချမ်းစေ၏။ လူ့နတ်တို့၏ ချစ်ခင်ကြည်ညို လေးစားမှုကို ခံရပြီး နတ်ကောင်း နတ်မြတ်တို့၏ စောင့်ရှောက်မှုကိုရရှိ၍ ကောင်းကျိုး

အဖြာဖြာ ရနိုင်၏။ သေသည့်အခါ တွေတွေ ဝေဝေ မသေရဘဲ ရွှင်ရွှင်ပျပျ သေရ၏။ သေသည်၏ အခြားမဲ့၌ ကောင်းမြတ်သော ဘုံဘဝသို့ ရောက်ရ၏။

ဆိုခဲ့ပြီးသော ငါးပါးသီလ ကျိုးပျက်ခြင်း, မလုံခြုံခြင်းကြောင့် ရရှိမည့် အပြစ်ဆိုးကျိုးတို့မှ ကင်းပြီး - အသက်ရှည်ခြင်း၊ ရုပ်ဆင်းလှခြင်း၊ ဘေးကင်းခြင်း၊ အမျိုးမြတ်ခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ သြဇာအာဏာကောင်းခြင်း၊ ယောကျ်ားကောင်း ယောကျ်ားမြတ် ဖြစ်ရခြင်း၊ စည်းစိမ်ဥစ္စာ ပေါများ၍ ရန်သူမျိုးငါးပါးမှ ကင်းခြင်း စသော အကျိုးများစွာကို ရနိုင်ပေသည်။

ထို့ကြောင့် ငါးပါးသီလကို ခါးဝတ်ပုဆိုးလုံချည်ကဲ့သို့ အမြဲတမ်း ထိန်းသိမ်း သင့်ပေသည်။

ငါးပါးသီလကို အမြဲတမ်း စောင့်ထိန်း ရသောကြောင့် "နိစ္စသီလ" "နိယမသီလ" ဟု ခေါ်၍ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတို့မှာ အကြောင်းအားလျော်စွာ ကာလအပိုင်း အခြားဖြင့် ထိန်းသိမ်းရသောကြောင့် "ကာလပရိယန္တသီလ" ဟု ခေါ်သည်။

## စောင့်ထိန်းလျှင် ကုသိုလ်ရ

ငါးပါးသီလသည် အမြဲစောင့်ထိန်းရမည့်သီလ၊ မကျူးလွန် မဖောက်ဖျက်ရမည့် သီလဖြစ်၍ ဖောက်ဖျက်လျှင် အပြစ်ရှိ၏။ ငရဲကြီး၏။ ရှစ်ပါးသီလ၊ ကိုးပါးသီလတို့တွင် ပါဝင်သော ဝိကာလဘောဇန - နေလွဲညစာစားခြင်း။ နစ္စဂီတ - ကခြင်း, သီခြင်း, ဆိုခြင်း,

ကပွဲသဘင်ကြည့်ခြင်း။ မာလာဂန္ဓ-ပန်းနံ့သာ လိမ်းကျံ ခြယ်သခြင်း။ ဥစ္စာသယန မဟာသယန-မြင့်သောနေရာ မြတ်သောနေရာတို့၌ နေခြင်းဟူသော (ငါးပါးသီလထက် ပိုလွန်သော)သီလတို့သည်ကား စောင့်ထိန်းနိုင်လျှင် ကုသိုလ်ရ၍ မစောင့်ထိန်းနိုင်ခဲ့သော် လည်းကောင်း၊ စောင့်ထိန်းနေရာမှ ကျိုးပျက်ခဲ့သော်လည်းကောင်း အပြစ်မရှိ ငရဲမကြီးပေ။ သီလကုသိုလ် မရရုံသာ ဖြစ်ပေသည်။

သို့သော် သူတော်ကောင်းကြီးတို့၏ အကျင့်ဖြစ်၍ ကုသိုလ်တရား၌ ပျော်မွေ့တတ်အောင်၊ အာရုံငါးပါး ကာမဂုဏ် တရားတို့၌ ပျော်မွေ့တတ်သောစိတ်ကို ထိန်းချုပ်နိုင်အောင်၊ အဆင့်မြင့်သော သမာဓိလုပ်ငန်း၊ ပညာလုပ်ငန်းတို့ကို လုပ်ရာ၌ အထောက်အပံ့ကောင်းရအောင် ရှစ်ပါးသီလစသည်ကိုလည်း လုံခြုံအောင် ကြိုးစား ထိန်းသိမ်းသင့်ပေသည်။

## ဘာဝနာပွားနည်း

ဘာဝနာ-ဟူသည် အဖန်ဖန်အထပ်ထပ် ပွားခြင်းတည်း။ ထိုဘာဝနာသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိရာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်နှင့် သံဃာ့ဂုဏ်တော်တို့ကို အဖန်ဖန်ပွားခြင်း၊ သတ္တဝါအားလုံးအပေါ် မေတ္တာစိတ်ဖြန့်လွှမ်း၍ ကျန်းမာပါစေ၊ ချမ်းသာပါစေစသည်ဖြင့် မေတ္တာ

ပို့လွှတ်ခြင်း၊ "ငါသည် တစ်နေ့တွင် မုချကေန် အမှန်သေရလိမ့်မည်။ သေခြင်းသည်သာ မြဲ၏။ ရှင်နေခြင်းသည် မမြဲ" ဟု သေရမည်ကို အဖန်ဖန် အောက်မေ့ဆင်ခြင်ခြင်း၊ မိမိ၏ခန္ဓာကိုယ်၌ ရှိသော ဆံပင်, မွေးညင်း, လက်သည်း, ခြေသည်း, သွား, အရေထူ, အရေပါးစသော အစိတ်အပိုင်းကို ရွံဖွယ်စက်ဆုပ်ဖွယ် ဖြစ်၏၊ သတ္တဝါမဟုတ်, အသက်မဟုတ်၊ ငါမဟုတ် သူမဟုတ်၊ ဓာတ်ရုပ်အစုသာတည်းဟု နှလုံးသွင်း ဆင်ခြင်ခြင်း၊ ဝင်လေထွက်လေကို အာရုံပြု၍ ဝင်တယ် ထွက်တယ်ဟု သတိကပ်၍ ရှုမှတ်ခြင်းတို့ကို "**သမထဘာဝနာ**" ဟု ခေါ်သည်။

မိမိ၏ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာတို့ ခဏတိုင်း စက္ကန့်မလပ် ဖြစ်ပြီး ပျက်နေပုံကို ဉာဏ်၌ ထင်မြင်လာအောင် ရှုမှတ်ပွားများခြင်းကို "**ဝိပဿနာဘာဝနာ**" ဟု ခေါ်သည်။

## ရုပ် - နာမ် ကွဲပါစေ

ဝင်လေ ထွက်လေကို ရှုမှတ်နေရာ၌ ဝင်လေဟူသည် စိတ္တဇ ဝါယောဓာတ် (လေဓာတ်) သာတည်း။ လေဓာတ်မှတစ်ပါး အခြားမဟုတ်၊ ထိုဝင်လေဟူသော ဝါယောဓာတ်သည် ရုပ်တရားတည်း။ ထို ဝါယောဓာတ်ဟူသော ရုပ်တရားသည် နှာသီးဖျားတွင် စတင်ဖြစ်ပေါ်၍ ချက်တွင်ဆုံး၏။ ထိုအတွင်း ဝါယောဓာတ်နှင့်တကွ ရုပ်ပေါင်းများစွာ ဖြစ်ပြီး ပျက်သွားကြ၏။

ထိုဝင်လေဟူသော ဝါယောဓာတ်အစဉ်သည် ချက်သို့ရောက်သောအခါ အလုံးစုံ ချုပ်ပျက်သွား၏။ ထွက်လေသည် ချက်မှ စဖြစ်၍ နှာသီးဖျားတွင် ချုပ်ဆုံး၏။ ထိုအတွင်း ထွက်လေ ဝါယောဓာတ်နှင့်တကွ ရုပ်ပေါင်းများစွာ ဖြစ်ပြီး ပျက်သွားကြ၏။

ထို့ကြောင့် ဝင်လေ + ထွက်လေဟူသော ရုပ်တရားတို့သည် မမြဲသော အနိစ္စတရားဖြစ်၏။ မမြဲသောတရားဖြစ်၍ ဒုက္ခသဘော ရှိ၏။ ကိုယ်ဖြစ်စေချင်သလို မဖြစ်သောကြောင့် အနတ္တတရားတို့သာတည်း။

ဝင်လေကို ရှူသွင်းနေခိုက် "ဝင်လေ" ဟု သိနေသော သဘောသည် နာမ်တရားဖြစ်၏။ ရှူသွင်းနေသည်ဟုသိသော သဘောသည်လည်း နာမ်တရားပင် ဖြစ်၏။ ထို့အတူ ထွက်လေကို ထုတ်နေခိုက် "ထွက်လေ" ဟုသိသော သဘောသည်လည်းကောင်း၊ ထွက်နေသည်ဟုလည်းကောင်း သိသောသဘောသည် နာမ်တရားဖြစ်သည်။

ထိုနာမ်တရားတို့သည် ရှေ့ပိုင်းတွင် ရေးခဲ့သည့်အတိုင်း ဖြစ် + တည် + ပျက် + ခဏစဉ်အားဖြင့် တစ်ခဏမျှသာတည်၍ ချုပ်ပျက်သွားကြသည်။

ဤသို့ ထွက်လေ + ဝင်လေကို ရှုမှတ်နေရာ၌ ထွက်လေ + ဝင်လေသည် ရုပ်တရားဖြစ်၍ ဝင်တယ်.ထွက်တယ်. ရှူတယ်. ရှိုက်တယ်ဟု သိသောသဘောသည် နာမ်တရားဖြစ်၏။ ငါ ရှူနေသည်မဟုတ်၊ ဝါယောဓာတ်နှင့်တကွသော ရုပ်တရားများ အစဉ်

အဆက် သူ့သဘာဝအတိုင်း ဖြစ်နေခြင်းသာတည်း။ ငါက သိနေသည်မဟုတ်။ သိတတ်သော သဘောရှိသော နာမ် (စိတ်ဝိညာဉ်)၏ ဖြစ်ခြင်းမျှသာတည်း။ ထိုရုပ်တရား, နာမ်တရားတို့သည် ငါမဟုတ် သူမဟုတ်၊ ရုပ်နာမ်မျှသာတည်း။ ရုပ် + နာမ်တို့၏ သဘောအတိုင်း ဖြစ်ပြီး ပျက်နေခြင်းသာ ဖြစ်၏။

ထို့ကြောင့် ငါ + သူတစ်ပါး၊ ယောကျ်ား + မိန်းမ မရှိ။ ရုပ် + နာမ် သာရှိ၏ဟု အသိဉာဏ်တွင် ထင်ထင်ရှားရှားမြင်လာသော်လည်း ကောင်း၊ ထို ရုပ် + နာမ်တို့၏ ဖြစ် + ပျက်သဘောကို ထင်ထင်ရှားရှား တွေ့မြင်လာခဲ့သော်လည်းကောင်း " ဝိပဿနာဉာဏ် " အမြင်ရလာ ပြီဟု ဆိုနိုင်ပေသည်။

## သွားနေဆဲလည်း သိပါစေ

လမ်းသွားနေဆဲတွင်လည်း သွားရာဖြစ်သော လမ်းသည် ရုပ်တရားတည်း၊ သွားနေသော ခန္ဓာကိုယ်ကြီးသည်လည်း ရုပ်တရားတည်း။ သွားလိုသော သဘောသည်လည်းကောင်း၊ သွားနေသည်ဟုသိသော သဘောသည်လည်းကောင်း နာမ် ဖြစ်၏။

ထမင်းစားနေဆဲတွင်လည်း ထမင်း,ဟင်းများနှင့် စားနေသော ပါးစပ်၊လက်ချောင်းတို့သည် ရုပ်တရားတည်း။ စားချင်သော သဘော၊ စားနေသည်ဟုသိသော သဘောတို့သည် နာမ်တရား ပင်တည်း။

ထိုသို့ သွားနေရာ၌ ပထမခြေလှမ်းအတွင်း ဖြစ်ခဲ့ကြသော ရုပ်+နာမ်တရားတို့သည် ဒုတိယခြေလှမ်းလှမ်းသောအခါ တစ်ခုမျှ မရှိကြတော့ပေ။

ထို့အတူ ပထမထမင်းလုတ်အတွင်း၌ ဖြစ်နေကြသော ရုပ်+နာမ်တို့သည် ဒုတိယထမင်းလုတ်ကို စားဆဲခဏ၌ မရှိကြတော့ပေ။

ဤသို့ စသည်ဖြင့် ဆင်ခြင်ဖန်များလာသောအခါ ရုပ်+နာမ်တို့၏ သဘောကို တဖြည်းဖြည်း သိမြင်လာပြီး သွားနေသော ခန္ဓာကိုယ်. စားနေသော ခန္ဓာကိုယ်ကြီးသည် ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ရုပ်+နာမ် အစုအဝေးတို့သာတည်းဟု သိမြင်လာပေလိမ့်မည်။

ထို ရုပ်+နာမ် အစုအဝေးတို့သည် အရှည်အကြာ မတည်ပါပဲ ခဏမဆိုင်း ဖြစ်ပြီး ပျက်နေကြသော အနိစ္စတရားတို့ပေတည်းဟု အနိစ္စသဘောကို သိမြင်လာမည်ဖြစ်ပေသည်။

ဤသို့ သမထဘာဝနာကို ဖြစ်စေ၊ ဝိပဿနာဘာဝနာကိုဖြစ်စေ ပွားများသော ပုဂ္ဂိုလ်သည် နာမ်ခန္ဓာ(အသက်)ထဲမှ အနှစ်ကို ထုတ်ယူသည်မည်၏။



# အပိုင်း (၃)

## ဗုဒ္ဓသာသနာနှင့် ကျောင်းအလှူ

လွန်ခဲ့သော နှစ်ပေါင်း ၂၅၉၀ - က လောကတွင် ဗုဒ္ဓပွင့် ပေါ်တော်မူခဲ့သည်။ မဟာသက္ကရာဇ် (၁၀၃)ခုနှစ်၊ ကဆုန်လပြည့် နေ့တွင် ဘုရားဖြစ်ပြီးနောက် ထိုနှစ် ဝါကို ဣသိပတနမိဂဒါဝုန် တော၌ ဝါဆိုတော်မူသည်။

ထိုနှစ် ဝါကျွတ်ကာလတွင် ရာဇဂြိုဟ်သို့ ကြွတော်မူရာ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ်တော်ကို ကျောင်းအဖြစ် လှူဒါန်းတော်မူသည်။ ဤဝေဠုဝန်ကျောင်းသည် ဤဘုရားရှင်လက်ထက်၌ ပထမဆုံးအလှူခံရသော ကျောင်းတိုက် အာရာမ်ဖြစ်၏။ ထိုအချိန်တွင် သံဃာတော်အတွက် ကျောင်း အဆောက်အအုံ သီးခြားခွင့်မပြုသေးပေ။ ထို့ကြောင့် ရဟန်းတော် များသည် တော၊တောင်၊ချောက်ကြား၊လိုဏ်ဂူ၊သုသာန်၊သစ်ပင် ရင်း၊ တောအုပ်၊ လွင်တီးခေါင်၊ ကောက်ရိုးပုံတို့၌ သီတင်းသုံးကြရ သည်။

## ရာဇဂြိုဟ်သူဌေး

တစ်နေ့သောအခါတွင် ရာဇဂြိုဟ်သူဌေးက ထိုအကြောင်းကို သိသဖြင့် ကျောင်းဆောက်လှူဒါန်းလိုကြောင်း ရဟန်းတော်များအား လျှောက်ထားသည်။ ရဟန်းတော်များက "ဘုရားရှင်က ကျောင်းအဆောက်အအုံကို ခွင့်မပြုသေးကြောင်း" မိန့်ကြားသဖြင့် ဘုရားရှင်အား ဤအကြောင်း လျှောက်ထားဖို့ သံဃာတော်များအား တောင်းပန်သည်။

ရဟန်းတော်များက ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ကျောင်းငါးမျိုး(အဆောက်အအုံ ငါးမျိုး)ကို ခွင့်ပြုတော်မူသည်။

ထိုသို့ ခွင့်ပြုကြောင်းရဟန်းတော်များကရာဇဂြိုဟ်သူဌေးအား ပြောပြရာ ရာဇဂြိုဟ်သူဌေးက တစ်နေ့တည်းဖြင့် ကျောင်းပေါင်း (၆၀)ကို ဆောက်လုပ်စေပြီး နောက်တစ်နေ့ ဆွမ်းကပ်လှူကာ ထိုကျောင်းပေါင်း (၆၀)ကို သံဃိကအဖြစ် လှူဒါန်းလေသည်။

ဤသို့ဖြင့် သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် မိုးလုံလေလုံ ကျောင်းအဆောက်အအုံဖြင့် ချမ်းသာစွာ နေထိုင်ခွင့် ရခဲ့လေသည်။ထို့ကြောင့် ဗိမ္ဗိသာရမင်းသည် ဤဘုရားသာသနာတော်၌ ပထမဆုံးသော ကျောင်းတိုက်ဒါယကာဖြစ်၍ ရာဇဂြိုဟ်သူဌေးသည် ပထမဆုံးသော ကျောင်း(အဆောက်အအုံ)ဒကာ ဖြစ်လေသည်။

## ထင်ရှားသောကျောင်းဒကာများ

ဘုရားရှင်လက်ထက်က ထင်ရှားသော ကျောင်းဒကာ၊ ကျောင်းအမများမှာ -

၁။ ရာဇဂြိုဟ်သူဌေး (အမည်မသိရ)

၂။ အနာထပိဏ်သူဌေး (၅၄ - ကုဋေအကုန်အကျခံ၍ သာဝတ္ထိမြို့၌ ဇေတဝန်ကျောင်းတော်ကြီးကို တည်ဆောက် လှူဒါန်းသည်။)

၃။ ဝိသာခါ (၂၇ - ကုဋေအကုန်အကျခံ၍သာဝတ္ထိမြို့၌ပုဗ္ဗာရုံကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းသည်။)

၄။ ဃောသကသူဌေး (ကောသမ္ဗီမြို့၌ ဃောသိတာရုံကျောင်းကို ဆောက်လုပ်လှူဒါန်းသည်။)

၅။ နန္ဒိယသူဌေး ( မိဂဒါဝုန်တော၌ နန္ဒိယာရာမကျောင်းကို ဆောက်လုပ်လှူဒါန်းသည်။)

၆။ ဆွေတော် မျိုးတော်များ (ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ကပိလဝတ်မြို့တော်၌ နိဂြောဓာရုံကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းသည်။) စသည်တို့ဖြစ်ကြသည်။

## ဝိသာခါကျောင်းအမ

ထိုကျောင်းဒကာ ကျောင်းအမများအနက်မှ ဝိသာခါ ကျောင်းအမ၏ အကြောင်းကို အကျဉ်းချုပ်၍ ဖော်ပြပါမည်။

## ဇာတိဌာနစသည်

ဝိသာခါသည် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့သူဖြစ်၏။ ဖခင်မှာ ဓနဥ္စယ သူဌေးကြီးဖြစ်၍ မိခင်မှာ သုမနဒေဝီသူဌေးကတော်ဖြစ်သည်။ အဖေ့ဘက်က အဖိုးမှာ မေဏ္ဍကသူဌေးကြီးဖြစ်၍ အဖွားမှာ စန္ဒပဒုမာသူဌေးကတော်ကြီးဖြစ်သည်။

၇-နှစ်သမီးအရွယ်တွင် မြတ်စွာဘုရား ဘဒ္ဒိယမြို့သို့ ကြွလာစဉ် ဘုရားရှင်တရားကို နာရ၍ သောတာပန်ဖြစ်သည်။ အဖိုးဖြစ်သူ မေဏ္ဍကသူဌေးကြီးသည်လည်း ထိုတရားပွဲတွင် သောတာပန်တည်သည်။

## သာကေတမြို့တည်

မဂဓတိုင်းရှင် ဗိမ္ဗိသာရဘုရင်နှင့် ကောသလတိုင်းရှင် ပသေနဒီကောသလမင်းတို့သည် ယောက်ဖ တော်စပ်ကြသည်။

တစ်နေ့တွင် ပသေနဒီကောသလမင်းက ဗိမ္ဗိသာရမင်းထံ သွားပြီး သူဌေးကြီးတစ်ဦးတောင်းရာ ဗိမ္ဗိသာရမင်းက မေဏ္ဍက သူဌေးကြီး၏သား ဓနဥ္စယသူဌေးကို ပေးလိုက်သည်။ ဓနဥ္စယ သူဌေးနှင့် သုမနာဒေဝီတို့သည် သာဝတ္ထိမြို့နှင့် ၇-ယူဇနာ အကွာတွင် သာကေတမြို့ကိုတည်၍ နေထိုင်ကြသည်။

## ပုဏ္ဏဝမုနသူဌေးသား

သာဝတ္ထိမြို့ မိဂါရသူဌေးကြီး၏သား ပုဏ္ဏဝမုနသူဌေးသားသည် အရွယ်ရောက်သဖြင့် ဇနီးလောင်းအရှာလွှတ်ရာ သာကေတမြို့သူ ဝိသာခါကိုတွေ့သဖြင့် မိဘများထံ တောင်းရမ်းပြီး နေ့ကောင်းရက်သာရွေးကာ သာဝတ္ထိမြို့သို့ ဝိသာခါကို ခေါ်ဆောင်သည်။ ထိုအချိန်မှာ ဝိသာခါသည် ၁၆-နှစ်သမီးအရွယ်ဖြစ်၍ အလှသွေးကြွယ်နေရာ ရွှေရုပ်နှင့်ပင် မခွဲခြားနိုင်လောက်အောင် လှပသည်။

ဤသို့ဖြင့် ဝိသာခါသည် သာဝတ္ထိမြို့တော်သို့ ရောက်ရှိနေထိုင်ပြီး မြို့နေလူထု၏ ချစ်ခင်လေးစားမှုကို ခံယူရရှိသည်။

## သားသမီးနှစ်ဆယ်မွေး

ဝိသာခါသည် ဆင်ပြောင်ငါးစီးအားကို ဆောင်နိုင်သဖြင့် အရွယ်နုပျိုသည်။ သား-၁၀-ယောက်၊သမီး-၁၀-ယောက် ပေါင်း(၂၀)မွေးဖွားရသော်လည်း အရွယ်ကျသွားသည်မရှိပေ။ အရွယ်နုပျိုပြီး အလှကျက်သရေ မလျော့သောကြောင့် အပျိုအရွယ်ရောက်လာသော သမီးများနှင့် မြင်းရထားအတူစီးပြီး ပွဲနေပွဲထိုင်သွားသည့်အခါ (မသိသောသူများအဖို့)မည်သူက အမေ မည်သူကသမီးဟု ခွဲခြားမရလောက်အောင် နုပျိုလှပ အရွယ်တင်လှပေသည်။

## မဟာလတာတန်ဆာ

ဝိသာခါ၏ ဖခင်ဓနဉ္စယသူဌေးကြီးသည် ပုဏ္ဏဝဒ္ဓနသူဌေးသား နှင့် မိမိသမီးလက်ထပ်ရတော့မည်ဟု သိသောအခါ ကိုးကုဋေ ထိုက်တန်သော မဟာလတာတန်ဆာကြီးကို ပြုလုပ်စေသည်။

ထိုမဟာလတာတန်ဆာ၌ ပုလဲ (၁၀)ကွမ်းစား၊ သန္တာ (၂၂) ကွမ်းစား၊ ပတ္တမြား(၃၃)ကွမ်းစား၊ စိန်(၄)ကွမ်းစားနှင့်အခြား ရတနာမျိုးစုံကို ထည့်သွင်းပြုလုပ်စေသည်။ ရတနာများကို ငွေဖြင့် ဂဟေဆက်ကာ တွဲချည်ဖွဲ့စပ်သည်။

ထိုမဟာလတာတန်ဆာကြီးကို ပန်းတိမ်ဆရာတို့ လေးလ ကြာအောင်လုပ်ရပြီး ပန်းတိမ်လက်ခ တစ်သိန်းပေးရသည်။

ထိုမဟာလတာတန်ဆာကို ခေါင်းမှ ခြေဖနောင့်အထိ ဖုံးမိ အောင် ပြုလုပ်ထားသည်။ခေါင်းပေါ်ထိပ်တည့်တည့်ဝယ် ဥဒေါင်း ရုပ်ကို လုပ်ထားသည် ။ ထိုဥဒေါင်းရုပ်၏ အတောင်နှစ်ဘက်တို့၌ ရွှေနီဖြင့်ပြီးသော ဒေါင်းတောင်တို့ကို တပ်ဆင်ထားသည်။နှုတ် သီးကို သန္တာဖြင့်လုပ်ပြီး မျက်စိနှစ်ဘက်မှာ ပတ္တမြားဖြင့်ပြီးသည်။ လည်ပင်းနှင့် ဥဒေါင်းမြည်းစည်တို့ကိုလည်း ပတ္တမြားနီများဖြင့် ပြုလုပ်သည်။ ထို့ကြောင့် မဟာလတာတန်ဆာကို ဆင်ထားလျှင် ဒေါင်းမလေး ကနေသည်ဟု မှတ်ထင်ရပေသည်။

" ဤကဲ့သို့သော မဟာလတာတန်ဆာကို ရရှိပိုင်ဆိုင် ဝတ် ဆင်ရခြင်းသည် ကဿပမြတ်စွာဘုရား လက်ထက်က ဘုရား

အမှုးရှိသော သံဃာတော် နှစ်သောင်းတို့အား သင်္ကန်း၊ အပ်၊ အပ်ချည်၊ ဆိုးရည်တို့ကို ပေးလှူခဲ့သော ကုသိုလ်ကံ၏ အကျိုးတည်း။ "

## သူတို့ သုံးယောက်

ဘုရားရှင်လက်ထက်က ထိုကဲ့သို့သော မဟာလတာတန်ဆာကို ဝတ်ဆင်ရသူတို့မှာ -

၁။ ဝိသာခါ

၂။ ဗန္ဓုလစစ်သူကြီးကတော်ဖြစ်သော မလ္လိကာ။

၃။ ဗာရာဏသီ သူဌေးသမီးတို့ ဖြစ်ပေသည်။

## ပုဗ္ဗာရုံကျောင်းဆောက်ပြီ

ဤသို့လျှင် အလွန်ကြီးကျယ် များပြားလှသော ရွှေငွေရတနာ၊ ကျေးကျွန်၊ကျွဲနွား၊လယ်ယာမိုးမြေတို့ဖြင့် ကျော်စောထင်ရှားသော ဝိသာခါသူဌေးကတော်ကြီးသည် ခင်ပွန်းသည်နှင့် ယောက္ခမဖြစ်သူ မိဂါရသူဌေးကြီးတို့ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် သာသနာပြုခဲ့သည်။

တစ်နေ့တွင် မင်္ဂလာပွဲတစ်ခုက ဖိတ်သဖြင့် မဟာလတာတန်ဆာကြီး ဝတ်ဆင်ကာ နောက်ပါကျွန်မနှင့်အတူ သွားသည်။ အခြားပရိသတ်များနည်းတူ ဝိသာခါသည်လည်း ထမင်းသုံးဆောင်ပြီးနောက် ဘုရားကျောင်းတော် ဇေတဝန်သို့ သွားသည်။

ကျောင်းဝင်း ဝင်ခါနီးတွင် မဟာလတာတန်ဆာကြီး ဝတ်ဆင်၍ သွားရန်မသင့်ဟု သဘောရသဖြင့် မဟာလတာတန်ဆာကို ချွတ်ပြီး အပေါ်ရုံဆာရီဖြင့် ထုပ်ကာ ကျွန်မလက်ထဲ အပ်နှံထားသည်။

ဘုရားရှင်ကို ရှိခိုးဝပ်ချ ကန်တော့ပြီးနောက် တရားနာသည်။ တရားပွဲပြီးသည့်အခါ သုပ္ပိယာနှင့်အတူ ရဟန်းသာမဏေတို့ကို လိုက်လံ ဖူးမြော်ပြီး လိုအပ်သည်များ မေးမြန်းလျှောက်ထားသည်။ လိုအပ်သည်များကို ဆောင်ရွက်ပေးပြီးနောက် ကျောင်းတော်မှ ပြန်ထွက်ခဲ့သည်။

ကျောင်းတော်အပြင်ဘက်သို့ ရောက်သောအခါ မဟာလတာတန်ဆာကို ဝတ်ဆင်ဖို့ ကျွန်မကို တောင်းရာ ကျွန်မက ကျောင်းတော်ပေါ်မှာ မေ့ကျန်ခဲ့ကြောင်း ပြောသဖြင့် " သွားယူချေ၊ အရှင်အာနန္ဒာ သိမ်းထားပြီးဖြစ်လျှင် ပြန်မယူခဲ့နဲ့။ အရှင်မြတ်အား လှူဒါန်းပြီးပြီဟု မှတ်ရမည်"ဟု ပြောကာ ပြန်ယူခိုင်းသည်။

ကျွန်မပြန်လာသည်ကို အရှင်အာနန္ဒာမြင်လျှင် အကျိုးအကြောင်းမေးသဖြင့် " ပစ္စည်းကျန်နေ၍ ပြန်လာယူကြောင်း" လျှောက်သည်။ အရှင်အာနန္ဒာက "စောင်းတန်းဦးမှာ ထားသည် သွားယူချေ"ဟု အမိန့်ရှိရာ အရှင်ဘုရားလက်ဖြင့် ကိုင်တွယ် သုံးသပ်ပြီးပါက ပြန်မယူခဲ့နဲ့ဟု ဝိသာခါက မှာလိုက်ကြောင်း လျှောက်ပြီး ဒီအတိုင်းပြန်လာခဲ့သည်။

ဝိသာခါထံ ရောက်သောအခါ "အရှင်ဘုရားလက်ဖြင့် ကိုင်ပြီးသည်ကို ငါမပန်ဆင်ဝံ့ပြီ။ အရှင်မြတ်ထိန်းသိမ်းရန်အတွက် လည်း တာဝန်ကြီးနေလိမ့်မည်။သွားပြန်ယူချေ" ဟု ဝိသာခါ ပြော သဖြင့် ကျွန်မပြန်သွားပြီး အကျိုးအကြောင်း လျှောက်ကာ ပြန်တောင်းယူခဲ့သည်။

အိမ်ရောက်သောအခါ ထိုမဟာလတာတန်ဆာကို ရွှေပန်း တိမ်သည်တို့အား ပြပြီး တန်ဖိုးဖြတ်စေသည်။ကိုးကုဋေ(သန်းကိုး ဆယ်) တန်ပါကြောင်းပြောသဖြင့် လက်ခတစ်သိန်းပါထည့်၍ ကိုးကုဋေတစ်သိန်းဖြင့် ရောင်းမည်ဖြစ်ကြောင်း ကြေညာသည်။ ဝယ်နိုင်သည့်သူ မရှိသဖြင့် မိမိကပင် ထိုမဟာလတာတန်ဆာကို ကိုးကုဋေတစ်သိန်း ငွေကြေးဖြင့် အမ်းယူလိုက်သည်။

ထိုကိုးကုဋေတစ်သိန်းသောငွေကိုဇေတဝန်ကျောင်းတော်သို့ ယူသွားပြီး ဘုရားရှင်အား အကျိုးအကြောင်း လျှောက်ထားသည်။ "ဤငွေဖြင့် ဆွမ်း၊သင်္ကန်း၊ကျောင်း၊ဆေး ပစ္စည်းလေးပါးတို့တွင် အဘယ်ပစ္စည်းကို လှူရပါမည်နည်း" ဟု ဘုရားရှင်အား လျှောက် ထားရာ ဘုရားရှင်က သာဝတ္ထိမြို့အရှေ့တံခါးအနီးမှာ သံဃာနေဖို့ ကျောင်းဆောက်သင့်သည် ဟု အမိန့်ရှိသဖြင့် ကျောင်းဆောက်ရန် စီစဉ်သည်။

ကျောင်းဆောက်လုပ်မည့်မြေကို ကိုးကုဋေဖြင့် ဝယ်ပြီး နောက်ထပ် ကိုးကုဋေ အကုန်အကျခံကာ ကျောင်းဆောက်လုပ် သည်။ အောက်ထပ် အခန်း (၅၀၀)၊ အပေါ်ထပ် အခန်း (၅၀၀) ပါ

သော နှစ်ထပ်ကျောင်းတော်ကြီးကို ကိုးလကြာအောင်တည်ဆောက်ရသည်။

## အခြံအရံ အဆောက်အအုံများ

ကျောင်းတော်ကြီးတစ်ဆောင်တည်းဖြင့် မတင့်တယ်သေးဟု သဘောပိုက်ကာ ထိုကျောင်းတော်ကြီးကိုခြံရံ၍ ကမ္မဋ္ဌာန်းကျောင်း (၅၀၀)၊ ကျောင်းငယ် (၅၀၀)၊ ပြသာဒ်ရှည်(၅၀၀)တို့ကိုလည်း ဆောက်လုပ်လှူဒါန်းသည်။ သာဝတ္ထိမြို့၏ အရှေ့ဘက်တွင်ရှိ၍ "ပုဗ္ဗာရုံကျောင်းတော်" ဟု ကမ္ပည်းတင်သည်။

ဤသို့ အခြံအရံကျောင်းများနှင့်တကွ ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးနောက် ဘုရားရှင်နှင့်သံဃာတော်များအား လေးလတိုင်တိုင် ကျောင်းတော်မှာပင် ဆွမ်းလုပ်ကျွေး ပြုစုပြီး နောက်ဆုံးနေ့တွင် ကျောင်းလှူတ်ပူဇော် ရေစက်ချပွဲတော်ကို ကျင်းပသည်။

ရေစက်ချက်ပွဲတွင် သံဃာများအား ဆွမ်း၊ သင်္ကန်းလျာအဝတ်နှင့် ဆေးပစ္စည်းများ လှူဒါန်းသည်။ ရေစက်ချပွဲအတွက် လေးလအတွင်း ငွေကိုးကုဋေကုန်ကျသည်။

## ဆန္ဒပြည့်ဝ ဝမ်းသာကြ

ကျောင်းရေစက်ချပွဲ ပြီးသောအခါ ဝမ်းသာလှ၍ သား၊သမီး၊

မြေး့မြစ်အပေါင်း ခြံရံကာ ကျောင်းတော်ကြီးကို လှည့်ပတ်ပြီး ဥဒါန်းငါးပုဒ်ကို သီဆို၍ ဥဒါန်းကျူးကြလေသည်။

## ဥဒါန်းငါးပုဒ်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာအား၊ လွန်စွာခမ်းနား၊ ကြီးမားထင်ပေါ်၊ တိုက်ကျောင်းတော်ကို၊ ရှင်ပျော်အားရ၊ ဆောက်လှူကြဖို့၊ ရေးကရွယ်ရည်၊ ကြံအစည်သည်၊ စုံညီယနေ့၊ အကုန်ပြည့် (ပြေ့) သဖြင့်၊ ပျော်မွေ့ဝမ်းသာ မဆုံးတကား။

၂။ ကျောင်းလှူပွဲတွင်၊ ကုဋေညောင်စောင်း၊ ခေါင်းအုံးဘိရို၊ ဘုံလျှိုစသား၊ အသုံးအဆောင်များကို၊ ရှင်အားတက်ကြွ၊ လှူဒါန်းကြဖို့၊ရေးကရွယ်ရည်၊ ကြံအစည်သည်၊စုံညီယနေ့၊ အကုန်ပြည့်(ပြေ့) သဖြင့်၊ ပျော်မွေ့ဝမ်းသာ မဆုံးတကား။

၃။ ကျောင်းလှူပွဲတွင်၊ ဘောဇဉ်ခဲဖွယ်၊ အသွယ်သွယ်ကို၊ စိတ်ဝယ်အားရ၊ လှူဒါန်းကြဖို့၊ ရေးကရွယ်ရည်၊ ကြံအစည်သည်၊ စုံညီယနေ့၊ အကုန်ပြည့် (ပြေ့) သဖြင့်၊ ပျော်မွေ့ဝမ်းသာ မဆုံးတကား။

၄။ ကျောင်းလှူပွဲတွင်၊ သစ်လွင်တင့်ဆန်း၊ မြတ်သင်္ကန်းကို၊ ရွှင်လန်းတက်ကြွ၊ လှူဒါန်းကြဖို့၊ ရေးကရွယ်ရည်၊ ကြံအစည်သည်၊ စုံညီယနေ့၊ အကုန်ပြည့်(ပြေ့)သဖြင့်၊ ပျော်မွေ့ဝမ်းသာ မဆုံးတကား။

၅။ ကျောင်းလှူပွဲတွင်၊ အားအင်ပြည့်ဖြိုး၊ ဆေးမျိုးမျိုးကို၊ ပွားတိုးသဒ္ဓါ၊ စေတနာဖြင့်၊ ညီညာဖြဖြ၊ လှူဒါန်းကြဖို့၊ ရှေးကရွယ်ရည်၊ ကြံအစည်သည်၊ စုံညီယနေ့၊ အကုန်ပြည့် (ပြေ့) သဖြင့် ပျော်မွေ့ဝမ်းသာ မဆုံးတကား။

## ဧတဒဂ်ဘွဲ့ထူးရှင်

ဝိသာခါ ကျောင်းအမသည် လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်က ပဒုမုတ္တရ မြတ်စွာဘုရားထံတွင် စတုပစ္စယ ဒါယိကာ ဧတဒဂ်ကို ဆုတောင်း၍ ကုသိုလ်ကောင်းမှုပြုကာ ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီကုသိုလ်တို့ကို ကြိုးစားဖြည့်ကျင့်ခဲ့ရသည်။

ဤဘုရားလက်ထက်တွင် သာသနာ့မိခင်အရာ၌တည်၍ ပစ္စည်းလေးပါးကို လိုလေသေးမရှိ လှူဒါန်းထောက်ပံ့ခဲ့သောကြောင့် "ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဒါယိကာနံ၊ ယဒိဒံ ဝိသာခါ မိဂါရမာတာ = ရဟန်းတို့ ပစ္စည်း လေးပါး လှူဒါန်းကြသော ငါဘုရား၏ ဥပါသိကာ ဒါယိကာမတို့တွင် ဝိသာခါသည် အမြတ်ဆုံးတည်း" ဟု "စတုပစ္စယ ဒါယိကာ ဧတဒဂ်ဘွဲ့ထူး" ကို ချီးမြှင့်တော်မူခဲ့သည်။

## အသက် ၁၂၀

ဝိသာခါသည် အသက်ထက်ဆုံး သာသနာတော်ကို ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိထောက်ပံ့ကာ အသက် (၁၂၀)

အရှယ်တွင် ကွယ်လွန်ပြီး နိမ္မာနရတိ နတ်ပြည်၌ နတ်သမီးကြီး ဖြစ်နေပေတော့သတည်း။

## နန္ဒိယကျောင်းဒကာကြီး

နန္ဒိယ ကျောင်းဒကာကြီးကား ဗာရာဏသီမြို့သားဖြစ်၏။ တစ်နေ့တွင် မြတ်စွာဘုရားထံမှ ကျောင်းလှူရခြင်း အကျိုးတရားတို့ကို နာကြားရသဖြင့် ကြည်ညိုသဒ္ဓါဖြစ်ကာ မိဂဒါဝုန်တော၌ အခန်းလေးခန်းပါရှိသော အုတ်ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းသည်။

ဘုရားအမှူးရှိသော သံဃာတော်များအား ရေစက်သွန်းချလှူဒါန်းပြီးလျှင် ပြီးချင်း တာဝတိံသာနတ်ပြည်၌ ကျောင်းဒကာဦးနန္ဒိယအတွက် နတ်ဗိမာန်ကြီး ပေါ်လာတော့သည်။

## အရှင်မောဂ္ဂလာန်ကြွ

တစ်နေ့တွင် အရှင်မောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်သို့ ဒေသစာရီ ကြွချီရာ ပိုင်ရှင်နတ်သား မရှိသေးသော ထိုဗိမာန်သို့ ရောက်သဖြင့် လာရောက်ရှိခိုးကြသော နတ်သမီးတို့ကို " ဤဗိမာန် ပိုင်ရှင်နတ်သားသည် မည်သူနည်း " ဟု မေးမြန်းတော်မူသည်။

နတ်သမီးများက " ပိုင်ရှင်မှာ လူ့ပြည်တွင် ရှိပါသေးသည်။ လူ့ဘဝက သေသည့်အခါ ခံစားရအောင် ဗိမာန်ကြီး ကြိုတင်

ပေါက်နေခြင်းဖြစ်ပါသည်။ တပည့်တော်မတို့မှာ ဗိမာန်ပိုင်ရှင်နတ်သားကြီးကို ပြုစုလုပ်ကျွေးကြဖို့ စောင့်နေကြခြင်း ဖြစ်ပါသည်။ စောင့်နေရတာကြာလှ၍ ပျင်းရိညည်းငွေ့နေကြပါသည်။ အရှင်ဘုရား လူ့ပြည်ပြန်ရောက်၍ဥုးနန္ဒိယကျောင်းဒကာကြီးနှင့် တွေ့ပါလျှင် မြေအိုးမြေခွက်နှင့်တူသော လူ့ဘဝ လူ့ခန္ဓာကို ပယ်စွန့်၍ ရွှေအိုး,ရွှေခွက်နှင့်တူသော နတ်ဘဝနတ်ခန္ဓာကို မြန်မြန်ကြီးလာယူဖို့ ပြောပေးပါဘုရား" ဟု ပိုင်းပြီး လျှောက်ထားကြသည်။

ထိုစကားနှင့် ထိုအခြင်းအရာကို မြင်ရသောအခါ အရှင်မောဂ္ဂလာန်သည် လွန်စွာအံ့သြသွားလေသည်။ ကျောင်းဆောက်လှူဒါန်းသော ကျောင်းဒကာ,ကျောင်းအမများမှာ လူ့ပြည်တွင်ရှိနေတုန်းပင် နတ်ပြည်တွင် ဘုံဗိမာန် ကြိုတင်ပေါက်နေပါတကားဟု ကျောင်းအလှူ၏ ကြီးကျယ်မြင့်မြတ်ပုံကို မျက်ဝါးထင်ထင်တွေ့မြင်တော်မူရသည်။

လူ့ပြည် ပြန်ရောက်၍ ဘုရားရှင်အား "ရှင်တော်မြတ်ဘုရားကျောင်းဆောက်လှူဒါန်းကြသော ကျောင်းဒကာ. ကျောင်းအမများသည် မိမိတို့ လူ့ဘဝမှ မသေသေးခင် နတ်ပြည်တွင်၄င်းတို့အတွက် ဘုံဗိမာန်များ ကြိုတင်ပေါက်နိုင်ပါသလား" ဟု မေးမြန်း လျှောက်ထားသည်။ ဘုရားရှင်က "ချစ်သား မောဂ္ဂလ္လာန်အဘယ့်ကြောင့် ထိုအကြောင်းကို ငါဘုရားအား လျှောက်ထားမေးမြန်းပါသနည်း၊ သင်ကိုယ်တိုင် တွေ့ခဲ့ပြီးပြီ မဟုတ်လား" ဟု မိန့်တော်မူပြီး -

* စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိမာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။
* တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂ္ဂဏှန္တိ၊ ပိယံ ဉာတိံဝ အာဂတံ - ဟူသော ဂါထာနှစ်ပုဒ်ကို ဟောကြားတော်မူ၏။

* အဓိပ္ပာယ်မှာ - နှစ်ပေါင်းများစွာ ခွဲခွာ၍ ဝေးမြေရပ်ခြားတိုင်း တစ်ပါးသို့သွားနေပြီး ဘွဲ့ထူးဂုဏ်ထူးများစွာ ပန်ဆင်၍ကျန်းမာစွာ ပြန်ရောက်လာသော သားကောင်းရတနာကို မိဘ. ဆွေမျိုးမိတ်သင်္ဂဟ. ရွာသူရွာသား.နယ်သူနယ်သားများက လက်ဆောင်ပစ္စည်း (ဆုပစ္စည်း) အမျိုးမျိုးပေး၍ သောင်းသောင်း ဖြဖြ ကြိုဆို ဂုဏ်ပြုသကဲ့သို့ - -

ဤလူ့ပြည်မှ တမလွန်နတ်ပြည်သို့ ရောက်လာသော ကုသိုလ်ရှင်ကိုလည်း မိဘနှင့်တူသော ကုသိုလ်တရားတို့က -

၁။ အသက်ရှည်ခြင်း
၂။ အဆင်းလှခြင်း
၃။ ချမ်းသာခြင်း
၄။ အခြံအရံ ပေါများခြင်း
၅။ သြဇာအာဏာကောင်းခြင်း
၆။ ရုပ်ချောခြင်း
၇။ အသံကောင်းခြင်း
၈။ နံ့သာအမျိုးမျိုး လိမ်းကျံရခြင်း
၉။ အရသာကောင်း အမျိုးမျိုးကို စားသုံးရခြင်း
၁၀။ အလွန်ကောင်းသော အဝတ်အထည် အသုံးအဆောင် ပရိဘောဂအမျိုးမျိုးတို့ကို သုံးဆောင်ရခြင်းဟူသော လက်ဆောင်ပဏ္ဏာ (၁၀) မျိုးတို့ကို ပေးအပ်လျက် ကြိုဆိုဂုဏ်ပြု ကြလေကုန်၏ဟူလို။

## ကျောင်းလှူရကျိုး အမျိုးမျိုး

(၁) သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။
(သံ၊ ၁၊ ၂၉။)

✽ ကျောင်းတော်အလှူ၊ လှူဒါန်းသူကား၊ သက်မှုရှည်ကြာ၊ ရုပ်ဝါလှပ၊ သုခပွားစည်၊ မျက်စိကြည်၍၊ ဉာဏ်ရည်ထက်မြက်၊ အကျိုးထက်၏။

(၂) ယော စ စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဝိဟာရံ ကာရာပေယျ၊ ဣဒံ တတော မဟပ္ဖလတရံ။ (အံ၊ ၃၊ ၁၇၉။)

✽ ပစ္စယဒါန၊ ဟူသမျှတွင်၊ သံဃိကမူ၊ ကျောင်းအလှူသာ၊ စင်ဖြူကဲမိုး၊ တန်ခိုးလွှမ်းဖုံး၊ အမြတ်ဆုံးတည့်။

(၃) အာဝါသဒါနသ္မိံဟိ ဒိန္နေ သဗ္ဗဒါနံ ဒိန္နမေဝ ဟောတိ။ ဘူမဋ္ဌကပဏ္ဏာသာလာယ ဝါ သာခါမဏ္ဍပဿ ဝါပိ အာနိသံသော နာမ ပရိစ္ဆိန္ဒိတုံ န သက္ကာ။
(မ၊ ဋ္ဌ၊ ၃၊ ၁၈။ ဥဒါန၊ ဋ္ဌ၊ ၃၇၇။)

✽ ခံ့ထည်ကြီးမား၊ မဆိုထားဘိ၊ နည်းပါးတန်ဖိုး၊ သစ်ရွက်မိုးကျောင်း၊ သစ်ခက်ကျောင်းကို၊ ညွှတ်ပျောင်းကြည်ဖြူ၊ ထိုအလှူ၏၊ ကဲထူကြီးမား၊ အကျိုးများကို၊ ပိုင်းခြားခြင်းငှါ၊ မစွမ်းသာဘူး။

(၄) အာဝါသဒါနံ နာမေတံ မဟာရာဇ မဟန္တံ၊ တုမှာကံ

အာဝါသော မယာ ပရိဘုတ္တော၊ ဘိက္ခုသံဃေန ပရိဘုတ္တော၊ မယာ စ ဘိက္ခုသံဃေန စ ပရိဘုတ္တော ပန ဓမ္မရတနေန ပရိဘုတ္တော ယေဝါတိ တီဟိ ရတနေဟိ ပရိဘုတ္တော နာမ ဟောတိ။

ဖဝံ တီဟိ ရတနေဟိ ပရိဘုတ္တော အပရိမေယျော စ ဝိပါကော။

(မ၊ ဋ္ဌ၊ ၃၊ ၁၈။ ဥဒါန၊ ဋ္ဌ၊ ၃၇၇။)

* ဆောက်လုပ်လှူအပ်၊ ကျောင်းတော်မြတ်ကို၊ ဥက္ကဋ္ဌဇိန၊ မြတ်ဗုဒ္ဓနှင့်၊ သာဝကသံဃာ၊ သုံးပြုပါသော်၊ မှန်စွာထင်ရှား၊ မြတ်တရားလည်း၊ မခြားတစ်မူ၊ သုံးသည်ဟူ၏၊ သုံးဆူရတနာ၊ သုံးပြုပါသော်၊ များစွာကောင်းကျိုး၊ တိုးထက်တိုးသည်၊ ကျော်ဟိုးသိဒ္ဓိလွန်ကဲတည်း။

(၅) အာဝါသဒါနာနုဘာဝေန ဟိ ဘဝေ ဘဝေ နိဗ္ဗတ္တဿာပိ သမ္ဗာဓိတဂဗ္ဘာဝါသော န ဟောတိ၊ ဒွါဒသဟတ္ထော ဩဝရကော ဝိယ မာတုကုစ္ဆိ အသမ္ဗာဓော ဟောတိ။

(သံ၊ ဋ္ဌ၊ ၃၊ ၉၃။ ဥဒါန၊ ဋ္ဌ၊ ၃၇၈။)

* ကျောင်းတော်အလှူ၊ လှူဒါန်းသူကား၊ နတ်လူဘုံဘဝ၊ ခံစံရ၏၊ မနုဿဘုံ၊ လူဖြစ်ကြုံသော်၊ စွဲတုံဝပ်စင်း၊ မိဝမ်းတွင်း၌၊ မကျဉ်း မလျောင်၊ အနေချောင်၍၊ ၁၂-တောင်ခန်းမ၊ နေထိုင်ရသို့၊ ဒုက္ခ ကင်းကွာ၊ လွန်ချမ်းသာ၏။

(၆) တိက္ကကုင်္ဒိယတွေ့ရာပါဒါန်လာ ကျောင်းလှူရကျိုး (၇)ပါး။

၁။ နတ်ပြည် လူ့ပြည်၌သာ ဖြစ်ရခြင်း။

၂။ အဆောက်အအုံ (အိမ်,ကျောင်း,ဗိမာန်)ကောင်းကောင်း ရခြင်း။

၃။ ကြောက်ရွံ့ထိတ်လန့်မှု ကင်းခြင်း။

၄။ ခြင်္သေ့,သစ်,ကျား,မြွေ,ကင်းစသော သတ္တဝါတို့၏ ဘေးရန်မှ ကင်းခြင်း။

၅။ နတ်ဆိုး, နတ်မိုက်, တစ္ဆေ, မြေဘုတ် စသော သတ္တဝါဆိုးတို့၏ ဘေးရန်မှ ကင်းခြင်း။

၆။ မကောင်းသော အိပ်မက် မ,မက်ဘဲ သတိကောင်းခြင်း၊ ရှုးသွပ်မှုမှ ကင်းခြင်း။

၇။ ရဟန္တာဖြစ်ရခြင်း။

* လူ့ဘုံနတ်ထံ၊ စုန်အဆန်၊ ဖန်ဖန်ဖြစ်ရသည်၊
စိတ်ဝယ်တောင့်တ၊ ဆောက်အုံရ၊ ထက်မြရဲစွမ်းရည်၊
သားရဲဘေးဒဏ်၊ နတ်ဆိုးရန်၊ အမှန်ကင်းလွတ်သည်၊
သတိကောင်းခြင်း၊ ရူးသွပ်ကင်း၊ ရခြင်း နိဗ္ဗာန်ပြည်၊
ကျောင်းလှူရကျိုး၊ အမျိုးမျိုး၊ ကျော်ဟိုးကမ္ဘာတည်၊

(၇) အာဝါသဒါနဿ ပနာနိသံသံ၊
ကော နာမ ဝတ္တုံ ပုရိသော သမတ္ထော။
အညတြ ဗုဒ္ဓါ ပန လောကနာထာ၊
ယုတ္တော မုခါနံ နဟုတေန စာပိ။ (ဗုဒ္ဓဝံ၊ ၄၊ ၂၅)

* ကျောင်းလှူရကျိုး၊ အမျိုးမျိုးကို၊ တန်ခိုးကြီးမား၊ ပြဟ္မာများပင်၊ ရှည်လျားကမ္ဘာ၊ ကုန်အောင်သာလျှင်၊ နှုတ်လျှာတစ်သောင်း၊ ရာဥကျွောင်းဖြင့်၊ ကျိုးကြောင်းစုံစွာ၊ ဟောပြပါလည်း၊ ဘယ်မှာဆုံးတိုင်၊ မကုန်နိုင်တည့်၊ ဘုန်းခိုင်ကြီးမား၊ မြတ်ဘုရားသာ၊ စွမ်းနိုင်ရာ၏။

## ဆုတောင်း

ကျောင်းဆောက်လှူရ၊ ကုသလကြောင့်၊ ဒုက္ခအန္တရာယ်၊ ကင်းစင်ကွယ်၍၊ စိတ်ဝယ်တောင့်တ၊ လိုဆန္ဒတို့၊ ခဏမကြာ၊ ပြည့်စုံကာဖြင့်၊ ရတနာ ရွှေငွေ၊ ဆန်ရေစပါး၊ ပေါများကြွယ်ဝ၊ ချမ်းသာရလျက်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာကို၊ ရောင်ဝါဖြိုးမောက်၊ တန်ခိုးတောက်အောင်၊ ချီးမြှောက် နေ့ည၊ ပြုစုရ၍၊ ဒုက္ခ ငြိမ်းရာ၊ မြိုက်ချမ်းသာကို၊ လျင်စွာမသွေ၊ ရရပါစေသား အရှင်မြတ်ဘုရား။

တရားပါရမီ၊ မပြည့်ညီသဖြင့်၊ ထိုဤဘုံဘဝ၊ ဖြစ်ပြန်ရသော်၊ လေးဝအပါယ်၊ ကင်းစင်ကွယ်၍၊ လူ့နယ်နတ်နန်း၊ အထက်တန်း၌၊ ဉာန်စွမ်းထက်မြက်၊ အသက်ရှည်ကြာ၊ အနာ

ကင်းရှင်း၊ ရုပ်ဆင်းလှပ၊ ဓနပေါများ၊ ခြွေရံများ၍၊ တရားစင်ဖြူ၊ သမ္မာယူဖြင့်၊ အလှူရေစက်၊ လက်နှင့်မကွာ၊ လှူဒါန်းကာလျှင်၊ သတ္တဝါအများ၊ ချမ်းသာပွားအောင်၊ ကြိုးစားအောင်မြင်၊ အောင်ပွဲယင်လျက်၊ ချစ်ရှင်မြတ်စွာ၊ သာသနာကို၊ ရောင်ဝါနေဝန်း၊ ထိန်ထိန်ထွန်းအောင်၊ ပြည့်သွန်းစိုက်ထောင်၊ ဓမ္မရောင်ဖြင့်၊ မိုက်မှောင်ပယ်လွှင့်၊ သစ္စာပွင့်၍၊ အမြင့်နိဗ္ဗူ၊ ပန်းမဥ္ဇူကို၊ လွယ်ကူမပန်း၊ ချမ်းချမ်းသာသာ၊ ပန်ဆင်ရပါလို၏ အရှင်ဘုရား။

## အမျှဝေ

ဤသို့ပြုရ၊ မြတ်ပုညကို၊ အနန္တဂိုဏ်း၊ တုနှိုင်းမမြင်၊ မွေးမိခင်နှင့်၊ ဖခင်ဆရာ၊ ဗြဟ္မာနတ်များ၊ အစထား၍၊ များပြားဖုံဖုံ၊ (၃၁) ဘုံ၌၊ ဆန်စုန်ပြေးသွား၊ သတ္တဝါတို့အား၊ မခြားတူကွ၊ ရရှိကြဖို့၊ အမျှမေတ္တာ၊ ပေးဝေပါသည်၊ ချမ်းသာကိုယ်စိတ်၊ မွဲကြပါစေကုန်သော်။ ။



နိုင်ငံတော်သြဝါဒါစရိယ
ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ
အဘိဓဇမဟာရဋ္ဌဂုရု စုဒ္ဒသမရွှေကျင်သာသနာပိုင်
ဝါဆိုဆရာတော်ဘုရားကြီး၏

# အနုမောဒနာတရားတော်

အခု – ပရိတ်ရွတ်တာတဲ့၊ပရိတ်နာတာတဲ့၊ အဲဒါ ပရိတ်ရွတ်တယ် ပရိတ်နာတယ်ဆိုတာ ပရိတ်နာတဲ့ပုဂ္ဂိုလ်ဘက်က ယုံကြည်ဖို့ အရေးကြီးတယ်။ ပရိတ်နာတယ်ဆိုတာ ယုံကြည်လို့ရှိရင် အန္တရာယ်ကင်း,ဘေးရှင်းတယ်။ ပရိတ်ရွတ်တဲ့ ဘုန်းကြီးတွေဘက်ကလည်း မေတ္တာထားဖို့အရေးကြီးတယ်၊ ဒို့ပြင် အရေးကြီးတဲ့အချက်တွေကတော့ အများကြီးပေါ့။ အရေးအကြီးဆုံး အချက်က သံဃာတော်တွေက ဒကာ,ဒကာမတွေအပေါ် မေတ္တာနဲ့ရွတ်ရင် ဒီပရိတ်ဟာ စွမ်းတယ် ။ ဒကာ,ဒကာမတွေကလည်း နာတဲ့ပရိတ်အပေါ် ယုံကြည်ချက် သဒ္ဓါတရားကြီးကဲရင် ကြီးမားရင် ကြီးမားသလောက် အကျိုးကြီးတယ်။ အဲဒါ ယုံကြည်မှုဟာ အရေးကြီးဆုံးဘဲ။ ဒါမျိုးပြောတာ "ရှေးကကောင်းလို့ ခုကောင်းကြွယ်" ဆိုတာ ရှေးက ဒီလိုဘဲ ဒကာမကြီးတို့ ရှေးဘုရားလက်ထက် သာသနာနဲ့တွေ့ခဲ့စဉ်တုန်းက သာသနာနဲ့မတွေ့ရလည်းဘဲ သာသနာပအခါမှာ

လှူရတန်းရမှာ သိတယ်။ လှူဘူးတယ် တန်းဘူးတယ်။

အဲဒါပြောတာ "ပုဗ္ဗေစ ကတပုညတာ" စက်တဲ့၊ "သာသနံ ပုညဝန္တသာ၊ ပုညဝန္တာဝ လဗ္ဘရေ" တဲ့ ဘုန်းတော်ကြီးတော်မူတဲ့ မြတ်စွာဘုရားသာသနာတော်ကြီးကို ဘုန်းတော်ကြီးတဲ့ ပုဂ္ဂိုလ်တွေသာ ချီးမြှောက်ခွင့်ရတယ်။ ကံကြီးတော်မူတဲ့ မြတ်စွာဘုရား သာသနာတော်ကြီးကို ဘုန်းကံကြီးတဲ့ ပုဂ္ဂိုလ်တွေသာ ချီးမြှောက် ခွင့်ရတယ်။ အဲဒီလို ချီးမြှောက်ရတဲ့အတွက် ကိုယ်လည်း ကံရှိလာ တယ်၊ ကံတွေ ကောင်းလာတယ်။

"သဒ္ဓါတရား အားကောင်းတဲ့ ပညာအားကောင်းတဲ့ မြတ်စွာဘုရား သာသနာတော်ကြီးကို သဒ္ဓါအားကောင်းတဲ့ ပုဂ္ဂိုလ်၊ ပညာအားကောင်းတဲ့ ပုဂ္ဂိုလ်မှ ပူဇော်ခွင့် ရတယ်" တဲ့။

သာသနံ ပုညဝန္တသာ၊ ပုညဝန္တာဝ လဗ္ဘရေ။

အပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှိတုမဝိသယာ - တဲ့ ဘုန်းကံ နည်းပါးတဲ့ ပုဂ္ဂိုလ်တွေ "ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ" နဲ့ ချီးမြှောက် ဖို့ရာ မလွယ်ဘူးတဲ့။ အခွင့်မရနိုင်ဘူး။

ဒါတွေက ရှေးက ဖန်တီးလာတာ၊ ဒါကြောင့်မို့ "ရှေးက ကောင်းလို့ ခုကောင်းကြွယ်" တဲ့၊ အခုကောင်း နောင်ကောင်း ပါလိမ့်ဦးမယ်တဲ့။ ဒါက ရှေးစကားပါ။ အဲဒီရှေးစကားကို ယူပြီးတော့ လူပျက်တွေကလည်း ဒါတွေ ဆိုတာဘဲ။ သူတောင်းစားတွေ ကလည်း ဒါတွေဆိုတာဘဲ။ ဒါတွေဆိုတာ တခြားမဟုတ်ဘူး။ ဒါတွေ

နားထောင်ပြီးတော့ "ဟာ....တော်တော် မှန်ပါလား" လို့ အဲဒီလို တစ်ခါတစ်ခါ သူတို့ စကားတွေလည်း ကိုယ်က မှတ်ရတယ်။ သူတို့ ဆိုလို့ သူတို့စကားတော့ မဟုတ်ပါဘူး။ ဟိုး.. ရှေးတုန်းက ရှေးစကားတွေ။ ပေါ်ရာဏကဝါစာ - ရှေးက ဖြစ်ပေါ်လာတဲ့ စကားတွေ။

## ရှေးကကောင်းလို့ ခုကောင်းကြွယ်

အဲဒါ သွားရင်းလာရင်းနဲ့ ညှော်သည်ပေါ့လေ၊ ဈေးလေး ဘာလေး ရောင်းစားတဲ့ ညှော်သည် - တွေ့ရာကြုံရာ ကျောင်းတစ်ကျောင်းရောက်သွားတော့ ဆွမ်းပွဲကြီးတစ်ပွဲ တွေ့သွားတယ်။ ဆွမ်းပွဲကြီးတွေ့သွားတော့ ကျောင်းပေါ်တက်သွားတယ်။ ကျောင်းပေါ်ရောက်တော့ "ဆွမ်းကျန် ဟင်းကျန်လေးများရှိရင် တပည့်တော်များကို ပေးသနားပါဘုရား" အဲဒီလို ရောင်းရင်း ဝယ်ရင်း သွားရင်းလာရင်း "အဝယ်သမား မင်းလဲပိုက်ဆံရှိတာဘဲကွ" လို့ဘုန်းကြီးက ပြောတယ်။ ပြီးတော့ မင်းလဲ လုပ်နိုင်ကိုင်နိုင် စားနိုင်သောက်နိုင်ရဲ့သားနဲ့ ဘာလို့ တောင်းစားရတာလဲ၊ မင်းလဲ လက်နဲ့ ခြေနဲ့ ဘာနဲ့ သွားသွား ငါမပေးဘူး မင်းလိုကောင် ငါမပေးဘူးတဲ့။ ဘုန်းကြီးက မာန်လိုက်တာ။

"မှန်ပါဘုရား တပည့်တော် ဆင်းပါ့မယ်၊ ကန်တော့ ပန်းလေးဆိုပြီးတော့မှ ကျောင်းပေါ်က ဆင်းပါရစေဘုရား" တဲ့ သူက။ ဒီတော့ ဘုန်းကြီးက "ဘာဆိုမှာလဲကွ ဆို ဆို ဆို" တဲ့၊ ဒါနဲ့

အဲဒီ တောင်းစားတဲ့ သူတောင်းစားက ဆိုတယ်။ သူက အသံနေ အသံထားနဲ့ ဆိုပြတယ်။ "ရှေးကကောင်းလို့ ခုကောင်းကြွယ်၊ အခုကောင်း နောင်ကောင်းပါလိမ့်မယ်" တဲ့ ရှေးက မကောင်းလို့ တပည့်တော်တို့ ဘာညာနဲ့ပေါ့လေ။ အဲဒီလို ဆိုပြတယ်။ "အခုလို တပည့်တော်တို့ တောင်းစားနေရတာ ရှေးက မကောင်းလို့ပါ ဘုရား၊ အရှင်ဘုရားတို့ ရှေးကကောင်းလို့ပါဘုရားတဲ့။ "ဟာ.... ကိုရင် ကိုရင် အဲဒီဆွမ်းပွဲကြီး အကုန်ပေးလိုက်ကွာ" လို့ ဆိုသတဲ့။ "မင်းက ငါ့ကို တရားဟောဖော်ရတယ် အကုန်ပေးလိုက်" လို့ ဆိုသတဲ့။

## ရှေးက သာသနာနဲ့ နီးခဲ့

သူ့ဟာ ဟုတ်တယ်။ ဘုရားကလည်း ဟောထားတယ်။ ရှေးက သာသနာပြုခဲ့ဘူးတဲ့ ပုဂ္ဂိုလ်တွေ အခုဘဝ သာသနာပြုရတတ်တယ်တဲ့။ ရှေးကသာသနာနဲ့ နီးခဲ့တဲ့ ပုဂ္ဂိုလ်တွေက အခုဘဝ သာသနာနဲ့ နီးတတ်တယ်တဲ့။ သာသနာနဲ့ နီးလို့ အခု ပရိယတ္တိ သာသနာနဲ့နီး ပဋိပတ္တိသာသနာကြီးနဲ့ နီးစပ်ရပြီ။ အဲဒီ ပရိယတ် ပဋိပတ်ကို အခြေခံပြီး တော်ကြာ ပဋိဝေဓဆိုတဲ့ မဂ်တရား. ဖိုလ်တရားတွေရ။ အဲဒါ မဂ်.ဖိုလ်ရဖို့ နောက်ဆုံး အရေးကြီးတာဘဲ။ ဒီ့ပြင် ဘာမှ အရေးမကြီးဘူး။ မဂ်.ဖိုလ်ရဖို့ဘဲ အရေးကြီးတယ်။

ဒါ့ကြောင့်မို့လို့ မြတ်စွာဘုရားက ပိဋကတ်သုံးပုံ. နိကာယ်ငါးရပ်. အင်္ဂါ(၉)တန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊

ဤပိဋကတ်တော်ကြီးကိုတဲ့။ ဤပရိယတ္တိသာသနာတော်ကြီးကို ငါဘုရားက ဒကာ.ဒကာမတွေ လူတွေ နတ်တွေ ဗြဟ္မာတွေ မဂ်. ဖိုလ်. နိဗ္ဗာန်အကျိုးအတွက် ငါဘုရား ဟောတော်မူခဲ့တာတဲ့၊ "ပရမံ ဟိတာယ - ဝေနေယျများစွာ သတ္တဝါတွေ ချမ်းသာကြစေဖို့ ဖြတ်သော အစီးအပွားအလို့ငှါ။ ဘဂဝါ - ရွှေဘုန်းတော်သခင် ဘုရားရှင် ကိုယ်တော်ဖြတ်ကြီးသည်။ အဒေသယိ - ဟောတော်မူပါတယ်"တဲ့။

## မျိုးကောင်း ရိုးကောင်း

အဲဒါ မဂ်.ဖိုလ်.နိဗ္ဗာန်ရဖို့ကို အာရုံပြု။ ဒါတွေက တာဝန်လည်းကျေအောင်ဆိုပြီးတော့ အမေ အဖေကိုလည်း ကနေ့ မေတ္တာပို့ အာရုံပြု အမျှဝေ။ ဒကာကြီး ဒေါက်တာ ဦးဝင်းမြင့်ထံလည်း ကုသိုလ်ကောင်းမှုတွေလုပ်ပြီးအမျှဝေ။ ဒါ ကုသိုလ်နတ်ပန်းကမ်းလှမ်းတယ်ခေါ်တယ်။ ဆက်သတယ်ခေါ်တယ်။ ကုသိုလ်နတ်ပန်းကို ဒကာကြီးထံပို့ ။ အမေ အဖေတွေ ဘိုးဘွား အဆက်ဆက် ကျေးဇူးရှင်တွေ ချည်းဘဲ။ အဲဒီ မျိုးနွယ်အစဉ်အဆက်ကလာခဲ့လို့ အခုလိုကျောင်းဆောက်ရမှာ၊ ပရိယတ္တိအားပေးရမှာ၊ ပဋိပတ္တိအား ပေးရမှာသိတာ၊ အမျိုးအနွယ်အစဉ်အဆက်ကိုကိုယ်ကပြန်စောင့် ရှောက်နိုင်ရမယ်။

ကုလဇာတော ကုလပုတ္တော၊ ကုလဝံသ သုရက္ခကော။

အတ္တနာ ဒုက္ခပတ္တောပိ၊ ဟီနကမ္မံ န ကာရယေ-တဲ့။

နီတိကျမ်းများက ဆိုတယ်။ ကုလဝံသ သုရက္ခကော-အမျိုးအနွယ်ကို စောင့်ရှောက်တတ်တဲ့။ ကုလဇာတော-အမျိုးကောင်းက ပေါက်ဖွားတဲ့။ ကုလပုတ္တော-အမျိုးကောင်းသား အမျိုးကောင်းသမီးဆိုတာ။ အတ္တနာ-မိမိသည်။ ဒုက္ခပ္ပတ္တောပိ-ဆင်းရဲဒုက္ခရောက်နေပါသော်လည်း။ ဟီနကမ္မံ-ယုတ်ညံ့သော အမှုကို။ န ကာရယေ-မပြုရဘူးတဲ့။

အဲဒီလို စိတ်မျိုးရှိတဲ့ ကုလပုတ္တခေါ်တဲ့ အမျိုးကောင်းသားကျတော့ "သီဟရာဇာ ဇိဃစ္ဆာပိ ပဏ္ဏာဒီနိ န ခါဒတိ" တဲ့၊ တောသုံးတောင်ကို အုပ်ချုပ်တဲ့ ကေသရာဇာ ခြင်္သေ့မင်းလိုပဲတဲ့။ မြက်ကလေး ဝါးအုံးမှဘဲ၊ မြက်ခြောက်ကလေး ဝါးအုံးမှဘဲ၊ကန္နေ့တော့ ငါ မြက်စားတော့မယ်လို့ ဘယ်တော့မှ မရှိဘူး။ ဘယ်တော့မှ မြက်မစားဘူးတဲ့။ အဲဒီလိုဇာတိစိတ်ကို မပျောက်ဘူးတဲ့။ဇာတိမာန်ရှိတဲ့ ခြင်္သေ့။ အဲဒီ ခြင်္သေ့လိုမျိုး စိတ်ကို ထားရမယ်။

ကုလပုတ္တော -အမျိုးကောင်းသား အမျိုးကောင်းသမီးဆိုတာ မင်းတို့မှတ်ထား၊ မောင်ဝဏ္ဏရော မောင်စိုးဟန်ရော။ ကုလပုတ္တဆိုတာ အမျိုးကောင်းသားကို ခေါ်တာ။

အမျိုးကောင်းသား နှစ်မျိုးရှိတယ် -

၁။ ဇာတိကုလပုတ္တ

၂။ အာစာရကုလပုတ္တ တဲ့။ ဒီလို နှစ်မျိုးရှိတယ်။

ဇာတိကုလပုတ္တဆိုတာ မင်းတို့ "ဇာတိကုလပုတ္တ" ဆိုတဲ့ ဒီနာမည်ကြီးကတော့ ရထားပြီး၊ အမေ အဖေက မွေးခဲ့တယ်၊ ဒီ အမေ အဖေကမွေးလို့ မောင်စိုးဟန်. မောင်ဝဏ္ဏဆိုတာ ဖြစ်လာတယ်။ အဲဒါ ဇစ်မြစ် ဇာတိမူလ အမျိုးအနွယ်အစဉ်အဆက် ကောင်းလာတယ်၊ အဲဒါကို " ဇာတိကုလပုတ္တ" ခေါ်တယ်၊ အဲဒီ ကုလပုတ္တက တစ်မျိုး။

အဲဒါထက် အရေးကြီးတဲ့ တစ်မျိုးရှိသေးတယ် "အာစာရ ကုလပုတ္တ" တဲ့၊ အနေအထိုင်ကောင်းတယ်၊ အကျင့်စာရိတ္တကောင်းတယ်၊ အပြောအဆို ချိုသာညက်ညောတယ်၊ အနေအထိုင်တော်တယ်၊ အမေ အဖေကို အလွန်ရိုသေတယ်၊ ဆွေမျိုးအပေါ် စောင့်ရှောက်တယ်စသည်အားဖြင့်အမျိုးသားစိတ်ရှိတယ်၊ အမျိုးသမီးစိတ် ရှိတယ်၊ ဆွေမျိုးစိတ် ရှိတယ်၊ သာသနာစိတ် ဘာသာစိတ်ရှိတယ်၊ အဲဒါတွေကြည့်ပြီးတော့ "အာစာရကုလပုတ္တ" ဆိုတဲ့ ဘွဲ့ကိုရတာ။

## အာစာရကုလပုတ္တဖြစ်ဖို့ အရေးကြီး

အာစာရကုလပုတ္တဘွဲ့က အသက်ကြီးတဲ့အခါ တစ်ချို့ ကြည့်လေ - ဇာတိကုလပုတ္တကတော့ ဟုတ်ပါတယ်၊ အမျိုးအနွယ် အစဉ်အဆက်က အကောင်းမွေးလာတာဘဲ၊ နည်းနည်းကြီးလာတော့ ဖောက်ပြန်လာပြီ၊ အပေါင်းအသင်းမှားတော့ အပေါင်းအသင်းလွဲချ၊ ပြီးတော့ ဘာလိုလို ညာလိုလို ပေါ်တယ်တွေတက်

ဘယ်သွားညာသွား၊ ဟိုသရမ်းဒီသရမ်း တော်ကြာ ကားနဲ့ လျှောက်လည်၊ အရက်တွေသောက်စားမူးယစ် စသည်အားဖြင့်မိုက်နေကြတာ၊ ဥပုသ်နေ့မှန်းမသိ၊ အမေ အဖေမှန်းမသိ၊ အဲဒါတွေ အဲဒါ နည်းနည်း အရေးကြီးတယ်၊ အဲဒီလို ပုဂ္ဂိုလ်ကျတော့ အဲဒီလို သားသမီးကျတော့ကာ ဇာတိကုလပုတ္တတော့ ဟုတ်ပါရဲ့တဲ့။ အာစာရကုလပုတ္တပျက်တယ်။

အဲဒီလို ဟာတွေပြည့်လို့။ အဲဒီလိုဟာတွေရှင် ဘုန်းကြီးကတော့ ရင့်ရင့်သီးသီး ပြောတယ်။ "မင်းတို့ တော်တော်လူပါးဝတယ်၊ မင်းတို့ကောင်တွေ တောက တက်လာပြီး မြို့ကျ နည်းနည်းလေး စားနိုင်သောက်နိုင်တော့ နည်းနည်းလေး လူပါးဝလာပြီ" လို့၊ အဲဒီကောင်တွေ ပေါ်တယ်တက်ရမှာသိတယ်၊ မေမြို့သွားလည်ရမှာသိတယ်၊ အံမယ် သူတို့က ကြီးကြီးကျယ်ကျယ် တနင်္ဂနွေနေ့တဲ့၊ အဲဒီလို မကောင်းတာတွေအကုန် နားလည်လာတော့ အာစာရကုလပုတ္တ ပျက်ပြီပေ့ါ။

အဲဒါ နည်းနည်းလေး စားနိုင်သောက်နိုင်ရင် မြို့တက်လာပြီးတော့ အမေ + အဖေကျေးဇူး, ဆွေမျိုးကျေးဇူး, မိဘကျေးဇူး ဒါတွေကိုပိုသတိရရမယ်၊ ပရိယတ္တိသာသနာတော်ကြီးကို ဘယ်လိုချီးမြှောက်မယ်၊ ပဋိပတ္တိသာသနာတော်ကြီးကို ဘယ်လို ထောက်ပံ့မယ်၊ ဒီလို ပရိယတ် ပဋိပတ် သာသနာတော်နှစ်ရပ်နဲ့ အမြဲ လက်တွဲနေမှ "ပဋိဝေဓ" ခေါ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်ရမယ်။ ဒါတွေကို သတိရနေပြီးနေရင် အာစာရကုလပုတ္တဘွဲ့ရတယ်၊ ဘွဲ့နှစ်ဘွဲ့လုံးရတယ်၊

"ကုလပုတ္တ" ဆိုတာ ဒီနှစ်ဘွဲ့ ဒီနှစ်မျိုးပဲ ရှိတယ်။

ဇာတိကုလပုတ္တဆိုတဲ့ အမျိုးအနွယ် အစဉ်အဆက်အားဖြင့် အမေ အဖေက ကောင်းလျက်သားနဲ့ ဇာစ်မြစ် မှန်လျက်သားနဲ့ အကျင့်စာရိတ္တ ပျက်ပြီးတော့ အာစာရကုလပုတ္တပျက်ရင် ကိုယ် တစ်ခြမ်းသေနေသလိုပဲ၊ အဲဒါ ကိုယ်တစ်ခြမ်းသေတယ် ဆိုတာ ကိုယ်တစ်ခြမ်းပဲကောင်းတယ်၊ တစ်ခြမ်းမကောင်းတော့ဘူး။ (တင်ပါဘုရား) အဲဒါမျိုး သတိထား၊ ဒါ မင်းတို့ သဘောကျပါတယ်။

မင်းတို့ အာစာရကုလပုတ္တဘွဲ့ ဘယ်တော့မှ အပျက်မခံနဲ့၊ မင်းတို့ အမေ အဖေတို့က ဇာတိကုလပုတ္တအစစ်၊ အာစာရ ကုလပုတ္တအစစ်၊ ဒါကြောင့် ဒီဘာသာ သာသနာဘက်ကို တိုးတက် နိုင်သမျှ လုပ်မယ် ဆိုပြီးတော့ ပဋိပတ်ကို အားပေးတာ ပရိယတ်ကို အားပေးတာ။

အခြေအမြစ်ကျကျ လာပြီးတော့ အားပေးတဲ့ အနေနဲ့ ကျောင်းလာဆောက်တာ၊ ပိုက်ဆံအကုန်သက်သာတာ မဟုတ်ဘူး၊ လွယ်တာ မဟုတ်ဘူး၊ စိတ်မောရ ကိုယ်မောရနဲ့ပေါ့လေ။ ပိုက်ဆံ ကုန်ရုံတင်မကဘူး၊ စိတ်မောရ ကိုယ်မောရတာကလည်း ရှိသေး တယ်။ အဲဒါ တွေကိုဆင်ခြင်ပြီး စိတ်မော ကိုယ်မော မလုပ်နဲ့၊ စိတ်တော့ အဆင်းရဲ မခံနဲ့၊ လိုရင်းတော့ အအိပ်ပျက် မခံနဲ့၊ အစားပျက် မခံနဲ့၊ ဒီအတွက် စိတ်ထဲသိပ် ပင်ပင်ပန်းပန်း မလုပ်နဲ့၊ ဒီထဲကို ဝင်တော့ ဝင်စားရတယ်၊ နက်တော့ နက်ရှိုင်းရတယ်၊ စူးရှ ရတယ်၊ ဒီကုသိုလ်ကို နက်ရှိုင်းထားမှ၊ စိတ်မောကိုယ်မောနဲ့

အနှစ်မွှန်း မခံနဲ့။

## ပရိယတ္တိ အရေးကြီးတယ်

ဘာဖြစ်လို့ ဒီလို အခြေအမြစ်ကို အားပေးတာလဲဆိုရင် သိလို့ ကိုယ်ကသိလို့၊ ပရိယတ္တိအရေးကြီးတာကိုသိလို့၊ ဒကာမကြီး ဒေါ်လွင်လွင်သန်းက သိတယ်၊ သားတွေ သမီးတွေကလည်း သိတယ်၊ ဒါ ဒီလို အရေးကြီးတယ်ဆိုပြီးတော့ ဒါမျိုးလုပ်တာ။ ဒို့ကျမ်းဂန်တွေ မှာလည်း ပါတယ်၊

ပရိယတ္တိ န ခေါ မူလံ၊ သာသနဿ မဟေသိနော၊

ဥဒါဟု ပဋိပတ္တိတိ၊ ပရိယတ္တိတိ ဒီပယေ – တဲ့ ။ ပရိယတ္တိနဲ့ ပဋိပတ္တိက မူလအခြေခံပြီး ပဋိဝေဓကို နောက်ဆုံး ပန်းတိုင်အဖြစ် ရည်မှန်းထားရမယ်။

ပရိယတ္တိက စာသင်ကြားတာ အံတာ.ကျက်တာ.မှတ်တာ အဲဒါ ပရိယတ္တိလုပ်ငန်းလုပ်တာ၊ ပိဋကတ်သုံးပုံ သင်ကြားတာ။

ပဋိပတ္တိက ကျင့်တာ. ကြံတာ. အားထုတ်တာ၊ သီလတွေ သန့်ရှင်းအောင် စောင့်ထိန်းတာ ၊ ဓုတင်ကျင့်တာ၊ ဖြစ်ပျက်တွေ ရှုတာ ပွားတာ၊ အဲဒါ ပဋိပတ္တိပဲ။

အဲဒီ ပရိယတ်နဲ့ ပဋိပတ် ဘယ်ဟာက မူလလဲဆိုရင် အဲဒီ အရှင်အဂ္ဂဝံသ ဆရာတော်ကြီးက ကျမ်းပြီးနောက်ဆုံးမှာ ရေးထား တာရှိတယ်။

"မပဟောသိနော- များသောကျေးဇူး ရှိတော်မူသော များသော ကျေးဇူးရှိ၍ ကျေးဇူးများအောင် ပေးသနားတော်မူတတ်သော မြတ်စွာဘုရား၏။ သာသနဿ - သာသနာတော်ကြီး၏၊ မြတ်စွာဘုရားသာသနာတော်ကြီးမှာ။ မူလံ - မူလတရားသည်၊ ဇာတိဇစ်မြစ် အရင်းအမြစ်သည်။ ပရိယတ္တိ နခေါ - ပရိယတ္တိလေလော။ ဥဒါဟု - ထိုသို့ မဟုတ်။ ပဋိပတ္တိ နခေါ- ပဋိပတ္တိလေလော။ ဣတိ - ဤသို့ မေးသည်ရှိသော်" အဲဒီမှာ သူကပြန်ရှင်းပြထားတယ်။ ပရိယတ္တိက မူလလား? ပဋိပတ္တိက မူလလား? အကယ်၍များ ဒီလို မေးရင်တဲ့ "ဣတိ - ဤသို့ မေးမြန်းသည်ရှိသော်၊ ပရိယတ္တိ - ပရိယတ္တိသည်သာလျှင်၊ မူလံ - အရင်းအမြစ်ပါ၊ ဣတိ - ဤသို့၊ ဒီပယေ - ပြောလိုက်ပါ"တဲ့၊ ဘယ်သူက မေးမေး ထုတ်ဖော်လိုက်ပါ၊ ကြွေကြာလိုက်ပါတဲ့။

ပရိယတ္တိနဲ့ ပဋိပတ္တိမှာ ပရိယတ္တိကမူလပါ။ မူလအရင်း အမြစ်က ပရိယတ္တိ။ ပဋိပတ္တိကကျင့်တယ်၊ ပရိယတ္တိက ကန်ဘောင်နဲ့ တူတယ်။ ပဋိပတ္တိက ရေနဲ့တူတယ်။ ပဋိဝေဓက ရေထဲမှာပေါက်နေတဲ့ ကြာပန်းနဲ့တူတယ်။ အဲဒါလေးတွေလည်း သတိထား ကြည့်နူးရတယ်။

ဘုန်းကြီးတို့ ဟိုး......ရှေးတုန်းက ရှင်ဘုရင်ကြီးတွေ သူဌေး ကြီးတွေ ရွှေအိုးကြီးတွေမြှုပ်လေ့မြှုပ်ထရှိတယ်။ အဲဒါ ဘုရားအဆူ ဆူလက်ထက်တော်ကထဲက အစဉ်အလာအနေနဲ့ ရှိခဲ့တာဘဲ။ အဲဒီ

ရွှေအိုးကြီးတွေကို မြေကြီးထဲမြှုပ်ထားပေမဲ့ ဘယ်နေရာမှာ မြှုပ်ထားတယ်ဆိုတာ မသိကြဘူး။

သို့သော် တစ်နေရာရာမှာတော့ သားသမီးတွေ အမျိုးတွေ သုံးစွဲရအောင်လို့ စာရေးထားခဲ့တယ်။ အခုကာလတော့ ဒိုင်ယာရီ စာအုပ်လို့ ခေါ်တာပေါ့။ ရှေးတုန်းကတော့ မှတ်တမ်းတွေ, ပုရပိုက် ကြီးတွေနဲ့ပေါ့။ တနည်းအားဖြင့် ဘုရားစင်အောက်တို့ ဘာတို့မှာ စာတမ်းတွေ ရေးထားလေ့ရှိခဲ့ကြတယ်။ သူ့သားသမီးတွေက အဲဒီ စာတမ်းကို ကြည့်ပြီးတော့ ရွှေအိုးမြှုပ်ထားတဲ့နေရာကို သွားပြီး တူးယူကြတယ်။

အဲဒီ ရွှေအိုးတွေ ပျောက်သွားပြီလို့ ပြောလို့မရဘူး။ ညွှန်ကြားတဲ့ စာတမ်းလေးတွေက ရှိနေတာကိုး။ ဘယ်နေရာမှာ ရှိနေတယ်. ဘယ်နှစ်တောင်ကွာ. ဘယ်နှစ်ပေကွာ. ဘယ်နှစ်လက် မကွာမှာရှိတယ်၊ အနက်ကဘယ်လောက်မှာ မြှုပ်ထားတယ် စသည်အားဖြင့်ပေါ့လေ။ အဲဒီလိုစာတမ်းရှိနေသရွေ့အဲဒီရွှေအိုးက ပျောက်သွားတယ်လို့ မပြောနိုင်ဘူး။ ဟုတ်တယ်မဟုတ်လား။ အဲဒီ စာတမ်းပျောက်သွားရင်တော့ ရွှေအိုးလည်း ပျောက်သွားမှာပေါ့။

ပရိယတ္တိက အဲဒီ စာတမ်းအက္ခရာလေးနဲ့တူတယ်တဲ့။ ဒါကြောင့်မို့ အဲဒါတွေကို ကိုယ်ကသတိထားပြီး ပရိယတ္တိကို မပျောက်အောင် ထိန်းတဲ့သဘောမျိုးပဲ။

အဲဒီ ပရိယတ္တိမပျောက်အောင် ထိန်းတဲ့အနေနဲ့ သဒ္ဓါတရား တွေ စေတနာတွေ ထားကြတာဟာ ပရိယတ္တိသာသနာကို အကျိုး

များစေတာပေါ့။ ပြီးတော့ဒီကျောင်း (အဝေရာရာမရန်ကင်းကျောင်း) ကို လာကြတဲ့အခါ ကိုယ်တော်တွေ စာအံနေတာကို လက်အုပ်ချီ. နားထောင်. အရိုအသေပေးရမယ်။ အဲဒါ ဘယ်စာသင်တိုက်ပဲဖြစ်ဖြစ်ပေါ့။ စာအံသံတွေ ဘာတွေကြားရတဲ့အခါ လူတွေနားလည်ရင် အလွန်အဖိုးတန်မှာဘဲလို့ ဘုန်းကြီးအောက်မေ့မိတယ်။

ပဋ္ဌာန်းတရားတွေ ရွတ်ဖတ်နေတာကိုကြားရင် "ဟာ - နားညည်းတာကွာ" ဆိုရင် သွားပြီ၊ "ဟာ - ရှုပ်လိုက်တာ" ဆို သွားပြီ။ အဲဒီလိုပြောတဲ့လူတွေ စီးပွားပျက်ကြတာ ဘုန်းကြီးတို့ မန္တလေးမှာ တော်တော်များနေပြီ။ အဲဒီပဋ္ဌာန်းရွတ်တာ ကဲ့ရဲ့မိလို့ အကျိုးပျက်သွားတဲ့ သူတွေ တော်တော်များနေပြီ။

## နားမလည်ပေမဲ့ ကြည်ညိုပါ

ဒါ - သူတို့ နားမလည်တာဘဲ။ တစ်ချို့မူးရူးလာတဲ့ ပုဂ္ဂိုလ်တွေဆို ပဋ္ဌာန်းသံကြားရင် မဆင်မခြင်နဲ့ ဆိုတာ. ဆဲတာတွေကို ကြားမိတယ်။ အဲဒီ အိမ်တွေဆို မီးလောင်တယ်လို့တောင် ကြားဖူးတယ်။ အကျိုးကို နားမလည်တော့ တော်တော်ခက်တယ်။ အကျိုးကိုနားလည်ရင် "ဟာ..တယ်ကောင်းပါလား၊နားမလည်ပေမဲ့ ကြည်ညိုပါတယ်" ဆိုပြီး လက်အုပ်ကလေးချီ. ဘုရားကို အာရုံပြုပြီး နေရင် အလွန်ကောင်းတယ်။

ရှေးဘုရားတွေလက်ထက်ကလည်း ဒီလိုပဲ ပဋ္ဌာန်း ဒေသနာတွေ ရွတ်ဖတ်ကြတယ်၊ အဲဒါ နားထောင်တတ်တဲ့ ပုဂ္ဂိုလ်

တွေအဖို့ အကျိုးရှိသွားတယ်၊ နားမထောင်တတ်တဲ့ ပုဂ္ဂိုလ်တွေကျ တော့ အကျိုးမရှိဘူး၊ အဲဒါ ကိုယ့်စိတ်နဲ့ကိုယ် အကျိုး ပေးကြတာဘဲ။ ပဋ္ဌာန်းတရားကို နာရလို့ လင်းနို့သားငါးရာကနေ ရဟန္တာဖြစ်သွား ကြတာကို ကြားဖူးမှာပေါ့၊ လင်းနို့သားတွေတင် မဟုတ်ဘူး၊ လင်းနို့ သမီးတွေလည်း ပါမှာပေါ့၊ အဲဒီ လင်းနို့ငါးရာ ကံကောင်းကြတယ်လို့ ခေါ်ရမှာဘဲ။

## ပရိယတ္တိ ကျေးဇူး

ရဟန်းတော် နစ်ပါးက လိုဏ်ဂူထဲမှာ ပဋ္ဌာန်းဒေသနာတော် တွေ အဘိဓမ္မာတွေ စာတွေပေါ့လေ ရွတ်နေကြတယ်၊ အဲဒီ ဂူထဲမှာ ရှိနေတဲ့ လင်းနို့သားငါးရာက နားမလည်ပေမဲ့ "နားထောင်ကြ ၊ အလွန်ကောင်းတယ်၊ ဘာမှတော့ တို့မသိဘူး၊ အသံနားထောင်" ဆိုပြီး နားထောင်နေကြတယ်၊ ကြည်ညိုနေကြတယ်၊ ကုသိုလ်မှန်း လည်း မသိဘူး၊ ကုသလာ ဓမ္မာ - ကုသိုလ်ကို ပြောတာမှန်းလည်း မသိဘူး၊ အကုသလာ ဓမ္မာ - အကုသိုလ်ကို ပြောမှန်းလည်း မသိဘူး။

အဲဒီတုန်းက ရွတ်ကြတဲ့အထဲမှာ စိတ္တံ ဆိုတာလည်း နားမ လည်ဘူး။ စေတသိကံ ရူပံ နိဗ္ဗာနံ ဆိုတဲ့ ပရမတ္ထတရား ၄ - ပါးကို ဘာမှ မသိဘူး။ "ရုပ္ပတီတိ ရူပံ - ဖောက်ပြန်တတ်သောကြောင့် ရုပ်" ဒါလည်း ဘာမှ နားမလည်ဘူး။ ဒါဘာသံပါလိမ့် နားထောင်ကောင်း လိုက်တာ.ကြည်ညိုလိုက်တာ.ဟန်ကျလိုက်တာ လင်းနို့သား

လင်းနဲ့သမီး ငါးရာစလုံးငြိမ်သက်ပြီးတော့ နားထောင်နေကြတယ်။

နားထောင်တဲ့အခါ ဘာအရေးကြီးသလဲဆိုရင် "စေတနာ" တဲ့၊အာရုံတစ်ခုတည်း ယူပြီးတော့စွဲနေတာ။ အဲဒီလို အာရုံတစ်ခုတည်း စွဲနေတော့ ဒကာမကြီး အခု အိမ်ပြန်ရောက်လည်း ကျောင်းကို သတိရနေတာဘဲ။ ဘယ်နေရာက ဘာလိုတယ်။ ဟာ - ဘယ်လို လုပ်ရမလဲဆိုပြီး သားနဲ့တိုင်ပင်လိုက် သမီးနဲ့တိုင်ပင်လိုက် လက်သမားနဲ့ လာပြီးတိုင်ပင်လိုက်နဲ့ အဲဒီလို ကျောင်းဆိုတဲ့ အာရုံ တစ်ခုတည်းမှာ စိတ်ကရောက်နေတာဟာ စေတနာလို့ခေါ်တယ်။ အဲဒီ စေတနာက အကျိုးပေးတယ်။

စေတနာဆိုတာ ကောင်းတဲ့ အာရုံယူလဲ စေတနာဘဲ။ မကောင်းတဲ့ အာရုံယူလည်း စေတနာဘဲ။ အရက်စွဲနေတဲ့ သူလဲ သူ့စေတနာနဲ့ သူပဲ။ ဘိန်းစွဲနေတဲ့သူလဲ သူ့စေတနာနဲ့သူပဲ။ အဲဒါတွေကတော့ မကောင်းတဲ့ စေတနာပေါ့။

စေတနာက ကောင်းတာလည်းရှိတယ်။ မကောင်းတာ လည်းရှိတယ်။ စေတနာဆိုတဲ့ အဲဒီ စေတသိက် အဲဒီ တရားဟာ ဆိုရင် အကုန် လိုက်ယှဉ်တာ၊ကုသိုလ်ရော အကုသိုလ်ရော ၊ မကောင်းတာရော ကောင်းတာရော၊ အကုန်ပါတာ၊ အခု ဒကာမကြီး တို့ရဲ့ စေတနာကျတော့ ဒီကျောင်းကို စွဲနေတာ။ ကျောင်းမှာ ဘာလေးလိုသလဲ၊ ညာလေးလိုသလဲ ဆိုပြီး စိတ်ထဲ စွဲပြီးနေတဲ့ စေတနာ၊ ဟန်ကျလိုက်တာနော် အဲဒါ အရတော်တာဘဲ။

ဒကာကြီးထံဒီနေ့အမျှလှမ်းဝေမယ်၊ ကုသိုလ်နတ်ပန်းတွေ

ပေးမယ်။ အမေ့အဖေ၊ အဘိုး့အဘွားတွေကို အကုန် သတိရမယ်၊ ကုသိုလ်နတ်ပန်း ကမ်းလှမ်း ဆက်သပါတယ်။ အဲဒါ ကျွန်မအစွမ်း မဟုတ်ပါဘူး၊ ဒကာကြီးအစွမ်းပါ။ အဖေနဲ့ အမေက မွေးလို့ ကျွန်မ ကုသိုလ် - အကုသိုလ်တွေသိပြီး ဒီလို ကုသိုလ်ကောင်းမှုတွေ ပြုရတာပါဆိုပြီး ကျေးဇူးတင်တယ်။

အဲဒီ ဇေဂ္ဂတာကပဲ လင်းနို့ငါးရာကို အကျိုးပေးသွားတယ်။ ငါးရာလုံး အကုန် နတ်ပြည်ကို တက်သွားတယ်။ နတ်သားတွေ ဖြစ်သွားပါတယ်။ လိုရင်းကတော့ ဘုရားဟောတဲ့ တရားစာတွေကို နာလို့ပေ့ါ၊ ပရိယတ္တိသာသနာကြီးရဲ့ကျေးဇူးဆိုတာ အဲဒါကို ပြောတာ။ ပရိယတ္တိရဲ့ ကျေးဇူးကြောင့် သူတို့လည်းပဲ သဒ္ဒါ အားကောင်းလို့ ဇေဂ္ဂတာကောင်းလို့ ဘာမဟုတ်တဲ့ တိရစ္ဆာန် ဖြစ်တဲ့ လင်းနို့ကနေ တာဝတိံသာနတ်ပြည် ကို ကြဲကြဲဖန်ဖန် ရောက်သွားတယ်။

ကဿပဘုရားလက်ထက်နောက်ပိုင်းကနေ ဂေါတမ မြတ်စွာဘုရား မပွင့်မချင်း အပါယ်မရောက်တော့ဘူး။ အဲဒါ ခုနက ပရိယတ္တိကျေးဇူးပေ့ါ။

ပရိယတ္တိစာပေကို အဲဒီတိရစ္ဆာန်လေးက ဘာမှ နားမလည်ဘဲ နားထောင်နေတာ။ သဒ္ဒါမှန်းလည်းမသိ၊ သင်္ဂြိုဟ်မှန်းလည်း မသိ. ရုပ်မှန်းလည်းမသိ.နာမ်မှန်းလည်း မသိ။ အဲဒီလို နားထောင် တာတောင် တာဝတိံသာနတ်ပြည်တက်သွားရတယ်။ လူ့ပြည် ရောက်လည်း ချက်ချင်း နတ်ပြည်ပြန်တက်တာဘဲ။ အပါယ်

လေးပါးကို မရောက်တော့ဘူး။

အဲဒီကနေပြီးတော့ ဂေါတမမြတ်စွာဘုရား ပွင့်လာတယ်။ မြတ်စွာဘုရား ပွင့်လာတော့ လင်းနို့သားငါးရာတို့ဟာ ဘုရားရှင်႕ ရှင်သာရိပုတ္တရာတို့နဲ့ လာကြုံရတယ်။ ပဋ္ဌာန်းဆက်ဆိုတာ အဲဒါမျိုးကို ပြောတာ။ အကြောင်းတရား အကျိုးတရားတွေပေါ့။

အဲဒီတုန်းက အကြောင်းခံလာတဲ့ တရားတွေကစပြီး သဒ္ဓါတရားတွေ ဇေတဂုဏ်တွေ ခံပြီး နတ်သားဖြစ်သွားတယ်။ အဲဒီအချိန်မှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကလည်း လက်ယာရံ ဧတဒဂ်ရနေပြီ။ မြတ်စွာဘုရားကလည်း တာဝတိံသာမှာ တရားဟောပြီး ပြန်ဆင်းလာတယ်။

မြတ်စွာဘုရားမှ ခုနစ်ဝါရှိသေးတယ်။ ခုနက လင်းနို့သားငါးရာကနေဖြစ်တဲ့ နတ်သားငါးရာကလည်း သာဝတ္ထိမြို့တော်မှာ အရှင်သာရိပုတ္တရာရဲ့ ဆွမ်းဒကာတွေ ဖြစ်လာတယ်။

အဲဒါ နီးစပ်တာ၊ အဲဒီလို နီးစပ်ဖို့ဆိုတာလည်း တော်တော်မလွယ်ဘူး။ အရှင်သာရိပုတ္တရာနဲ့ နီးစပ်အောင် အရှင်သာရိပုတ္တရာရဲ့ ဆွမ်းခံအိမ်မှာ ယောကျာ်းလေးတွေ လာဖြစ်ကြတယ်။ အရှင်သာရိပုတ္တရာက နေ့တိုင်းဆွမ်းခံကြွတော့ ကြည်ညိုပြီး သင်္ကန်းဝတ်ချင်စိတ်တွေ ပေါက်ရော။ အရှင်သာရိပုတ္တရာက ငါးရာလုံးကို သင်္ကန်းဝတ်ပေးလိုက်တယ်။

မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား အဘိဓမ္မာ ၇-ကျမ်းကို သင်္ခေပနည်းနဲ့ ဟောထားတာရှိတယ်။ မြတ်စွာဘုရား

တာဝတိံသာတက်ပြီး ဟောတာက အကျယ်ဆုံး ဝိတ္ထာရနည်းတဲ့ ဝိတ္ထာရဒေသနာတဲ့။ အရှင်သာရိပုတ္တရာကိုဟောတော့ သခ်ေပ နည်းတဲ့၊ သခ်ေပနယတဲ့ ၊သခ်ေပဒေသနာတဲ့။

အရှင်သာရိပုတ္တရာကို အကျဉ်းဆုံးဟောတယ်။ တာဝတိံသာနတ်ပြည်ကျတော့ အကျယ်ဆုံး ဟောတယ်။ မြတ်စွာဘုရား ဟောထားတဲ့ အကျဉ်းနဲ့ အကျယ်ကြားမှာ မကျဉ်းမကျယ်ဆိုတဲ့ နည်းရှိသေးတယ်။အဲဒီ မကျဉ်းမကျယ်နည်းကို "**နာတိသခ်ေပ နာတိဝိတ္ထာရနယ**" လို့ ခေါ်တယ်။ အဲဒီ မကျဉ်းမကျယ်နည်းကျတော့အရှင်သာရိပုတ္တရာက အကျဉ်းဆုံး နာထားရတဲ့ အဘိဓမ္မာဒေသနာတော်ကို ချဲ့ထွင်ပြီး လင်းနို့ငါးရာကဖြစ်လာတဲ့ ရဟန်းငါးရာကို ပြန်ပြီးဟောပြတယ်။

ကံကောင်းလိုက်ကြတာ။ အဲဒီ ရဟန်းငါးရာစလုံး အရှင်သာရိပုတ္တရာဟောတဲ့ အဘိဓမ္မာဒေသနာတော် တရားတွေကို နာပြီး တခါတည်းကျွတ်တန်းဝင်ပြီး ရဟန္တာတွေဖြစ်သွားကြတယ်။ ပြောချင်တာက တခြားမဟုတ်ဘူး။ လင်းနို့သား ဘဝတုန်းက ပရိယတ္တိနဲ့ တွေ့ခဲ့တယ်။ အဲဒီ ပရိယတ္တိနဲ့ တွေ့ခဲ့လို့ ပရိယတ္တိစာပေကျန်းဂန်ကို သင်အံလေ့ကျင့်နေတာ နားထောင်ခဲ့ရလို့ အဲဒီ အချိန်ကစပြီး အကျိုးများတာကို ပြောချင်တာပါ။

အခု သိဒ္ဓတ္ထဂေါတမ ဘုရားရှင်လက်ထက်ကျတော့ အရှင်သာရိပုတ္တရာက မကျဉ်းမကျယ်နည်းလေးနဲ့ ပြလိုက်တာ တစ်ခါတည်း အကုန်ရဟန္တာဖြစ်သွားကြတယ်။ ဒါကြောင့်

ပရိယတ္တိဟာ ကျေးဇူးများတယ်ဆိုတာ ဒကာမကြီးတို့ သိဖို့ပိုပြီး အရေးကြီးတယ်။ နဂိုကလည်း သိပြီးသားပါ။

"ပရိယတ္တိဘက်ကို ကူးတဲ့တစ်နေ့ကျရင် ပဋိဝေဓလို့ခေါ်တဲ့ မဂ်ဉာဏ်.ဖိုလ်ဉာဏ်ဘက်ကို ကူးမယ်။ မဂ်တရား ဖိုလ်တရားတွေ ရအောင် ကြိုးစားမယ်" ဆိုတဲ့ စိတ်ဓာတ်နဲ့ ကျေးဇူးတရားတွေ သိပြီး အနဂါမိကခေါ်တဲ့ ဥစ္စာရွှေအိုးကြီးတွေကို မြှုပ်နှံပြီးတော့ကာ -

ကိုယ့်အတွက်၊ မဂ်.ဖိုလ်အတွက်၊ နိဗ္ဗာန်အတွက် ကျေးဇူး သိရမယ့် ပုဂ္ဂိုလ်တွေအပေါ် ကျေးဇူးသိပြီးတော့ "ကျေးဇူး မသိ မဟုတ်ပါဘူး၊ ကျေးဇူးမရှိမဟုတ်ပါဘူး၊ကျေးဇူးတရားကို သိပါ တယ်" ဆိုပြီး အဲဒီလို မျှော်တွေးပြီး အေးအေးဆေးဆေးနဲ့ ကုသိုလ် ကောင်းမှုတွေကိုပြုပြီး ကြိုးစားပွားများပြီးတော့ ဆက်လက် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

(ဤတရားတော်ကို ဒေါက်တာဦးဝင်းမြင့် ကွယ်လွန် သည့် ၁ - နှစ်ပြည့်အထိမ်းအမှတ်ပွဲတွင် ရွှေကျင်သာသနာ ပိုင်ဝါဆိုဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့ ပါသည်။)





ဒေါက်တာ ဦးဝင်းမြင့် + ဒေါက်တာ ဒေါ်လွင်လွင်သန်း



အထက (၁၂)ကျောင်းမှ
၁၉၈၅ - ခု၊ ဇွန်လ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ
ပညာရည်ချွန်ဆုပေးပွဲတွင်
အမှတ်တရ ရိုက်ကူးထားသောပုံ



ဆေးတက္ကသိုလ် မန္တလေးမှ

သင်ဆရာ ၊ မြင်ဆရာ ၊ ကြားဆရာများ

အာစရိယပူဇော်ပွဲ အခမ်းအနား



လွှင်

အထူးကုဆေးတိုက်မိသားစု

**အာစရိယဂုဏ်ရည်**

ဆွမ်းစားကျောင်းဆောင် ကျောင်းလွှတ်ပူဇော်ပွဲနှင့် ဆရာကန်တော့ပွဲတွင်

မောင်နှမတစ်စု နှင့် မြေးများပုံ

၁၃၆၆ - ခု၊ ပထမဝါဆိုလဆန်း (၁၁)၊ ၂၇ - ၆ - ၂၀၀၄

၂၇၈၆၉

# တကယ့်အနှစ်သာရ

လူ့ဘဝရဲ့ တကယ့်အနှစ်သာရဆိုတာ ပစ္စည်းဥစ္စာလဲ မဟုတ်ဘူး။ ကျန်းမာသန့်ရှင်းပေါ်များတာ ဘွဲ့ထူးဂုဏ်ထူးတွေရတာ ဩဇာအာဏာကြီးတာတွေလဲ မဟုတ်ဘူး။

တကယ့်အနှစ်သာရဆိုတာ ကုသိုလ်ပဲ။ ကုသိုလ်ရအောင် ဒါန, သီလ, ဘာဝနာ လုပ်ငန်းတွေ လုပ်ရပါတယ်။


**စမ္မဒါနကုသိုလ်ရှင်**

မန္တလေးမြို့၊၈၃-လမ်း၊ (၃၀×၃၂လမ်းကြား)
ဂူန္တာန်ရပ်၊ အမှတ်၃၁၉ / ၃၂၀ (ခ)

**လှိုင်အထူးကုဆေးတိုက်ပိုင်ရှင်**

**ဒေါက်တာဦးဝင်းမြင့်+ဒေါက်တာဒေါ် လှိုင်လှိုင်သန်း**

**သားသမီးများဖြစ်ကြသော**

**ဒေါက်တာစိုးဟန်+ဒေါက်တာနီလာဝင်း**

**ကိုဝဏ္ဏလင်းထွန်း + မဘိုဘိုခင်**

**မြေး-** မပိုးစုမြတ် ၊ ဓမောင်ဓဝယံ ၊ မဓကာဇင်ပွးသက်
မငြိမ်းသူဇင် ( ခ ) မသိမ့်ထူးဇင်

**မိသားစုကောင်းမှု**

ဣဒံ မေ ပုညံ ပညာပါရမိယာ ပစ္စယော ဟောတု။



MDY Graphic Design
MgMgLinnSay(Shwethar)-2011